**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၁)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၂–၉–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်၊ မြောက်ပိုင်း နတ်ရဲ ကျေးရွာတွင် လေယာဉ်ကွင်းတည်ဆောက်ရန် လယ်ယာမြေများ သိမ်းယူခဲ့စဉ်က နစ်နာကြေးအဖြစ် လျော်ကြေးပေးရန် ကျန်ရှိသော တောင်သူဦးရေ (၁၀၁)ဦး၏ ကျန်ရှိဧက (၂၈၇.၇၂) အား ကာလ ပေါက်ဈေးနှင့်အညီ နစ်နာကြေး ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **“မိုင်းနှင့်ပေါက်ကွဲ အားပြင်းသော လက်နက်ခဲယမ်း” များ တွင်ကျယ်စွာ အသုံးပြုနေမှုတို့ကြောင့် အပြစ်မဲ့ ပြည်သူများနှင့် သက်ရှိများ၏ ဘဝလုံခြုံမှုမရှိပဲ ဖြစ်နေခြင်းတို့ကို**

**သက်ဆိုင်ရာမှ မည်သို့ကူညီပေးနေသည်နှင့် အသုံးပြုမှုလျှော့နည်းသွားစေရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **စစ်တွေမြို့ အခြေစိုက်ခြေလျင်တပ်ရင်း (၃၅၄) မှ သိမ်းယူထားသော ပေါက်တောမြို့နယ်၊ သစ်ပုတ်ကျေးရွာ လယ်သမားများပိုင် လယ်မြေ(၁၅၂) ဧကကို သက်ဆိုင်ရာ လယ်သမားများထံ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၏ **ပူတာအိုခရိုင်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးဒေသများတွင် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်အတွင်းရှိ အမှတ် (၄) ရပ်ကွက်တွင် ဖွင့်လှစ်ခဲ့သော ဝင်းသူဇာအရောင်းဆိုင် မြေနေရာအား မူလပိုင်ရှင်ဖြစ်သော အမှတ်(၄) ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့ စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဒေါ်ကြည်မိုမိုလွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၏ **စဥ့်ကိုင်မြို့နယ်၊ အမှတ်(၂)အထည်စက်ရုံ(ပလိပ်)မှ အလုပ်ရှင် Panda Textile Co.Ltd နှင့် အလုပ်သမားများကြားရှိ အလုပ်သမားသပိတ်နှင့် စပ်လျဉ်း၍ ဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်မြို့နယ်ရှိ နဝဒေးစက်မှုဇုန်တွင် မြေကွက်များ ရယူထားပြီး စက်မှုလုပ်ငန်း အကောင်အထည်ဖော် လုပ်ဆောင်ခြင်းမရှိသော မြေကွက်များကို အစိုးရအဖွဲ့မှ မြေကွက်များ ချထားပေးစဉ်က ပါရှိသည့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီး ပြန်လည်သိမ်းယူ၍ အမှန်တကယ် စက်ရုံအလုပ်ရုံများအဖြစ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား ပြန်လည်စိစစ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် မည်သူမဆို သင်ကြားတတ်မြောက် စေမည့် နည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၅ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

မူကြမ်း

(၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၅) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၆) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၇) ဖေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၄ ရက်၊

(၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၁၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၁၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၁ ရက်၊

(၁၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဖေယျာသော်(ခ)ဖေယျာသော် ခွင့် ၁ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၇) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၁၈) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊

(၁၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၀) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၂၁) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၂၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၂၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၁ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၁ ရက်၊

(၂၆) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၂၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်နှင့်

**မူကြမ်း**

(၂၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆောမြို့နယ်၊ မြောက်ပိုင်း နတ်ရဲကျေးရွာတွင် လေယာဉ်ကွင်းတည်ဆောက်ရန် လယ်ယာမြေများ သိမ်းယူခဲ့စဉ်က နစ်နာကြေးအဖြစ် လျော်ကြေးပေးရန် ကျန်ရှိသောတောင်သူဦးရေ (၁၀၁)ဦး၏ ကျန်ရှိသော (၂၈၇.၇၂) အား ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ဆောမြို့နယ်မြောက်ပိုင်း နတ်ရဲကျေးရွာ (ယခု လေယာဉ်ကွင်းရပ်ကွက်)ရှိ လယ်ယာမြေဧက စုစုပေါင်း ၅၆၁.၇၉ ဧကကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှာ အမှတ်(၃၆၈) အမြောက်တပ်မှ လေယာဉ်ကွင်းတည်ဆောက်ရန် သိမ်းယူခဲ့ပါတယ်။ တောင်သူလယ်သမားတို့ရဲ့ နစ်နာကြေးတောင်းဆိုမှုကြောင့် ၁၆-၃-၂၀၁၅ ရက်နေ့မှာမှ လေယာဉ်ပြေးလမ်းမှာပါဝင်တဲ့ တောင်သူဦးရေစုစုပေါင်း ၂၁၄ ဦး၊ ဧက ၂၇၄.၀၇ အတွက် ကာလပေါက်ဈေးနဲ့အညီ နစ်နာကြေးအဖြစ် လျော်ကြေးပေးခဲ့သော်လည်း နစ်နာကြေးလျော်ကြေးပေးရန် ကျန်ဧက ၂၈၇.၇၂ ဧက၊ တောင်သူဦးရေစုစုပေါင်း ၁၀၁ ဦးတို့အား နစ်နာကြေး၊ လျော်ကြေးပေးရန် တောင်းဆိုနေကြပြီဖြစ်ပါတယ်။ သိမ်းယူထားတဲ့မြေတစ်ဆက်တစ်စပ်တည်းမှာ ပေးသူကိုပေး၊ မပေးသူကိုမပေးမဖြစ်သင့်ပါ။ နစ်နာမှုရှိနေပါတယ်။ ၂-၂-၂၀၁၆ ရက်နေ့ တပ်သိမ်းမြေနစ်နာကြေးအဖြစ် မြေခွန်ရဲ့သုံးဆကို ပေးလျော်ပြီးဖြစ်တယ်လို့ ယခင်မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်ဌာနဆိုင်ရာများ လာရောက်ရှင်းလင်းသည်ကို သိရပါတယ်။ မြေခွန်ရဲ့သုံးဆဆိုတာ နစ်နာကြေးလျော်ကြေးမဖြစ်နိုင်ပါဘူး။ ဘဝပျက်နေရတဲ့ တောင်သူလယ်သမားများ လုပ်ကိုင်စားစရာမရှိအောင် နစ်နာခဲ့ရပါတယ်။ ဒါကြောင့် ကျန်ဧက ၂၈၇.၇၂၊ တောင်သူဦးရေ ၁၀၁ ဦးတို့အား ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးအဖြစ် လျော်ကြေးပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့်အချိန်မှာ လျော်နိုင်မည်ဖြစ်ကြောင်းကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆောမဲ့ဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၏ ဆောမြို့နယ်၊ မြောင်းပိုင်း နတ်ရဲကျေးရွာ (ယခု လေယာဉ်ကွင်းရပ်ကွက်)ရှိရာ လယ်ယာမြေဧကစုစုပေါင်း ၅၆၁.၇၉ ဧကကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် အမှတ်(၃၆၈) အမြောက်တပ်မှ လေယာဉ်ကွင်းတည်ဆောက်ရန် သိမ်းယူခဲ့ပြီး လေယာဉ်ပြေးလမ်းတွင်ပါဝင်သည့် တောင်သူဦးရေပေါင်း ၂၁၄ ဦး၊ ဧက ၂၇၄.၀၇ အတွက် ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးအဖြစ် လျော်ကြေးပေးခဲ့သော်လည်း ကျန်ရှိဧက ၂၈၇.၇၂၊ တောင်သူဦးရေ ၁၀၁ ဦးတို့အား ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးရန် ကျန်ရှိမှုအပေါ် လျော်ကြေးပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့်အချိန်တွင် ပေးနိုင်မည်ဖြစ်ကြောင်း သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ မြေနေရာဟာ အမှတ်(၃၆၈) အမြောက်တပ်ရင်းရဲ့ တပ်ပိုင်မြေအတွင်း ပါဝင်ခြင်းမရှိဘဲ တပ်ပိုင်မြေနှင့်ဆက်စပ်လျက်ရှိသည့် မြန်မာ့လေကြောင်းဦးစီးဌာနပိုင် လေယာဉ်ကွင်းမြေဖြစ်ပြီး လက်ရှိလေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းတည်ဆောက်ထားသော မြေနေရာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အမှတ်(၃၆၈) အမြောက်တပ်ရင်းရဲ့တပ်ပိုင်မြေအဖြစ် လယ်မြေဧရိယာ ၉၆.၀၇ ဧက၊ ယာမြေဧရိယာ ၂၂၄ ဧကနှင့် မြေလွတ်မြေလပ် ၁၉၄.၇၈ ဧက စုစုပေါင်းမြေဧရိယာ ၅၁၄.၈၅ ဧကရှိပြီး မြေလွတ်မြေလပ်ဧရိယာ ၁၉၄.၇၈ ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါစာအမှတ်၊ ၃၀၀/၁-၅/ဦး ၁ ဖြင့်လည်းကောင်း၊ လယ်မြေဧရိယာ ၉၆.၀၇ ဧကနှင့် ယာမြေဧရိယာ ၂၂၄ ဧက စုစုပေါင်း ၃၂၀.၀၇ ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၉ ရက်စွဲပါစာအမှတ် ၃၀၀/၁-၄/ဦး ၁ ဖြင့်လည်းကောင်း မြေသိမ်းဆည်းရေး အမိန့်များရရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါဦးပိုင်ပေါက် မြေဧရိယာ ၃၂၀.၀၇ ဧက သိမ်းဆည်းခြင်း အတွက် မြေတန်ဖိုးလျော်ကြေးငွေများကို သက်ဆိုင်ရာတောင်သူ ၉၉ ဦးထံသို့ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ပေးလျော်ပြီးဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းပါ တောင်သူ ၁၀၁ ဦးရဲ့ လယ်မြေဧရိယာ ၂၈၇.၇၂ ဧကသည် မြန်မာ့လေကြောင်းဦးစီးဌာနပိုင် လယ်ယာဉ်ကွင်းမြေနေရာဖြစ်ပြီး လက်ရှိ လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းတည်ဆောက်ထားကြောင်းနှင့် လယ်ယာမြေ ၂၈၇.၇၂ ဧက အတွက် မြေတန်ဖိုးလျော်ကြေးငွေများ ပေးလျော်နိုင်ရေးအတွက် မြန်မာ့လေကြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သဘောသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ ဆော မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၏ မေးခွန်းပါမြေနေရာသည် အမှတ်(၃၆၈) အမြောက်တပ်ရင်း တပ်ပိုင်မြေဧရိယာ ၅၁၄.၈၅ ဧကအတွင်း ပါဝင်ခြင်းမရှိသဖြင့် တပ်နှင့်သက်ဆိုင် ခြင်းမရှိပါကြောင်းနှင့် မြန်မာ့လေကြောင်းဦးစီးဌာနပိုင် လေယာဉ်ကွင်းမြေဖြစ်ပြီး လက်ရှိလေယာဉ် ကွင်းနှင့် လေယာဉ်ပြေးလမ်းများ တည်ဆောက်ထားခြင်းများကြောင့် မြေတန်ဖိုးလျော်ကြေးငွေများ ရရှိ ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်သာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**မိုင်းနှင့်ပေါက်ကွဲအားပြင်းသော လက်နက်ခဲယမ်းများ တွင်ကျယ်စွာအသုံးပြုနေမှုတို့ကြောင့် အပြစ်မဲ့ ပြည်သူများနှင့် သက်ရှိများ၏ ဘဝလုံခြုံမှုမရှိဘဲ ဖြစ်နေခြင်းတို့ကို သက်ဆိုင်ရာမှ မည်သို့ကူညီ ပေးနေသည်ကို အသုံးပြုမှုလျော့နည်းသွားစေရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံဒီမိုကရေစီအသွင် ကူးပြောင်းရေးဖြစ်စဉ်နှင့်အတူ ပြည်သူတစ်ရပ်လုံးရဲ့မျှော်လင့်ချက်ဟာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပါ တယ်။ အရင်အစိုးရလက်ထက် နိုင်ငံတော်သမ္မတဦးသိန်းစိန်ကနေပြီးတော့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့အတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ မူဝါဒကောင်းတွေ၊ ဘယ်လောက်ပဲ ရေးဆွဲထားစေကာမူ မြေပြင်မှာအကောင်အထည်ဖော်မှု၊ လိုက်နာကျင့်သုံးမှုအားနည်း ချက်တွေကြောင့် ၂၀၁၂ ခုနှစ်ကနေပြီးတော့ အခုအချိန်ထိ မိုင်းတွေနဲ့ ပေါက်ကွဲမှုပြင်းစေတဲ့ပစ္စည်း တွေကို တွင်ကျယ်စွာအသုံးပြုပြီး တိုက်ပွဲဆင်နွှဲနေတာကို ဘယ်သူမှငြင်းပယ်လို့မရပါဘူး။ လက်နက်

ကိုင်များဆိုတာ တပ်မတော်အပါအဝင် လက်နက်ကို ကိုင်ဆောင်ထားတဲ့သူအားလုံးကို ကျွန်မဆိုလိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခဟာ နိုင်ငံရေးပြဿနာဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်ဖို့ဆိုတာ ယုံကြည်မှုက မရှိမဖြစ်လိုအပ်ပါတယ်။ NCA လမ်းစဉ်အတိုင်း ငြိမ်းချမ်းရေးအတွက် အားသစ်လောင်းရမယ့်အချိန်မှာ လက်နက်ကိုင်တပ်တွေရဲ့ တိုက်ပွဲနဲ့ဖောက်ခွဲရေးပစ္စည်းတွေ အသုံးပြုပြီး တိုက်ပွဲတွေဆင်နွှဲနေတဲ့အတွက်ကြောင့် ယုံကြည်မှုမဆိုထားနဲ့ ပြည်သူတွေရဲ့ဘဝဟာ လုံခြုံမှုမရှိဘူးဖြစ်နေပါတယ်။ နိုင်ငံတစ်ခုလုံးအတွက် ကာကွယ်ရေးနဲ့လုံခြုံရေး၊ အမျိုးသားလုံခြုံရေးဟာ အရေးကြီးနေပါတယ်။ နိုင်ငံရဲ့နယ်နိမိတ်ကို လုံခြုံဖို့လိုအပ်နေသလို ပြည်သူတစ်ဦးချင်းရဲ့လုံခြုံမှုကလည်း လိုအပ်နေပါတယ်။ ကာကွယ်မှုနှင့် လုံခြုံမှုဆိုတဲ့စကားလုံးဟာ ကျွန်မတို့ ရှမ်းပြည်နယ်အတွက် အဓိပ္ပာယ်ဖော်လို့မရနိုင်တဲ့စကားလုံးဖြစ်နေပါပြီ။ ကျွန်မတို့ နမ္မတူမြို့နယ်မှာရှိနေတဲ့ တချို့ကျေးရွာတွေရဲ့ထိပ်မှာ မိုင်းတွေတပ်ဆင်ထားတယ်။ လမ်းဘေးဝဲ/ယာမှာတွေလည်း ကြိုးမိုင်းတွေတပ်ဆင်ထားနေတာတွေရှိနေတဲ့အတွက်ကြောင့် ပြည်သူတွေဟာ လုပ်ငန်းခွင်သွားဖို့တောင် မဝံ့မရဲဖြစ်နေပါတယ်။ ပေါက်ကွဲမှုများတဲ့ဒေသဖြစ်ပေမယ့် မိုင်းနဲ့ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်မှုတွေနဲ့ အသိပညာပေးမှုတွေမရှိတဲ့အတွက်ကြောင့် ကျွဲကျောင်းတဲ့ကလေးတွေဟာ အဲဒီမိုင်း ဗုံးတွေကိုင်ပြီးတော့ ဆော့နေတာတွေ ရှိနေပါတယ်။ အဲဒီထောင်ထားတဲ့မိုင်းတွေကို လာပြီးဖြုတ်ပေးဖို့ လက်နက်ကိုင်တပ်တွေကို အကူအညီတောင်းပေမယ့်လည်း အဲဒီမိုင်းတွေသာ ပေါက်ကွဲပြီး ထိခိုက်ဆုံးရှုံးမှုတွေသာဖြစ်ခဲ့တာ ကူညီမဲ့သူတွေရောက်မလာပါဘူး။ အခုဆိုလို့ရှိရင် ပိန်းထွက်ဆိုတဲ့ကျေးရွာမှာ သုံးလတာရှိပေမယ့် အဲဒီမိုင်းကို အခုထိဖြုတ်ပေးမယ့်သူမရှိဘူးဖြစ်နေပါတယ်။ ပြည်ထောင်စုဆိုတဲ့ ကျွန်မတို့ ဒီနိုင်ငံမှာ ဒီလိုတိုက်ပွဲတွေဖြစ်ပြီး ပေါက်ကွဲဆုံးရှုံးမှုတွေ များနေတာကို ဝမ်းနည်းပါကြောင်းဆိုတဲ့စကားတစ်ခွန်းကို ဘယ်သူ့ဆီမှမကြားရတာလည်း အံ့ဩစရာဖြစ်နေပါပြီ။ စနစ်တွေကောင်း/မကောင်းကို လူတွေကသာပြင်ယူရတာပါ။ လိုအပ်ချက်အရ စနစ်နှင့်အညီ ပိုမိုကောင်းမွန်တဲ့ ပြုပြင်ပြောင်းလဲရေးကို ကြံဆနေရမှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့စနစ်တွေ အလှည့်အပြောင်းဖြစ်အောင် အဓိကစွမ်းဆောင်နိုင် စွမ်းရှိတဲ့လူတွေဟာ လက်နက်ကိုင်တွေနဲ့ ဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်မှာ တည်ရှိနေပါတယ်။ လက်နက်ကိုင်တစ်ဦးကျဆုံးခြင်းဟာ နိုင်ငံတစ်ခုရဲ့ဆုံးရှုံးမှုဖြစ်တဲ့အတွက် တစ်ခုစတေးပြီး တစ်ခုတိုးတက်စေတဲ့ ဆောင်ရွက်ချက်တွေကို ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ခေါင်းဆောင်တွေက ရှောင်ရှားပြီး ငြိမ်းချမ်းရေးပန်းတိုင်ကိုအရောက်လှမ်းဖို့ လိုအပ်နေပါပြီ။ တာဝန်ခံမှုမရှိတဲ့ ကာကွယ်ရေးနဲ့လုံခြုံရေး လုပ်တဲ့သူဟာ တိုင်းပြည်ကိုအန္တရာယ်ဖြစ်စေနိုင်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု

ဆိုတာတွေထက် ကျွန်မအနေနဲ့ကတော့ လက်နက်ကိုင်တွေရဲ့ လူတန်းစားအရေး၊ လူ့အခွင့်အရေးတွေမှာ လူထုအပေါ် တလွဲအပြုအမူတွေကို ရပ်တန့်ပါတော့။ လုံခြုံမှုကဏ္ဍနှင့် အန္တရာယ်ကြီးမားတဲ့ ဟာကွက်တွေကိုလည်း ပြန်လည်သုံးသပ်သင့်နေပါပြီ။ လက်နက်ကိုင်တွေက မပြောင်းလဲဘဲနဲ့ တိုက်ပွဲတွေသာဆက်လက် ဆင်နွှဲနေမယ်ဆိုလို့ရှိရင် လက်နက်ကိုင်တွေဟာ ငြိမ်းချမ်းရေးကိုဆန့်ကျင်တဲ့ လားရာဘက်ကို သွားနေပြီလို့တော့ ကျွန်မဆိုချင်ပါတယ်။ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့၊ မိုင်းနဲ့ပေါက်ကွဲအားပြင်းတဲ့ လက်နက်ခဲယမ်းနဲ့ပတ်သက်ပြီးတော့ တချို့မေးခွန်းတွေမှာ အဖြေမှန်မရနိုင်ပေမယ့်လည်း ကျွန်မ မေးရပါတော့မယ်။ (၁) မိုင်းနှင့်ပေါက်ကွဲအားပြင်းတဲ့ လက်နက်ခဲယမ်းများကို လက်နက်ကိုင်များ တွင်ကျယ်စွာအသုံးပြုနေမှုတို့ကြောင့် အပြစ်မဲ့ပြည်သူတွေနဲ့ သက်ရှိသက်မဲ့တွေ ပျက်စီးဆုံးရှုံးနေခြင်းနဲ့ ပြည်သူလူထုတွေရဲ့ဘဝလုံခြုံမှုမရှိဘဲဖြစ်နေခြင်းတို့ကို သက်ဆိုင်ရာမှ မည်သို့ကူညီပေးနေပါသလဲ။ (၂) မိုင်းပေါက်ကွဲမှုများတဲ့ဒေသများတွင် မိုင်းအန္တရာယ်ကာကွယ်နိုင်ရန် ပြည်သူများကို မည်သို့စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် (၃) မိုင်းနှင့်ပေါက်ကွဲအားပြင်းတဲ့လက်နက်များ အသုံးပြုမှုလျော့နည်းသွားစေရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ္မတူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ မိုင်းနှင့်ပေါက်ကွဲအားပြင်းသော လက်နက် ခဲယမ်းများကို လက်နက်ကိုင်များ တွင်ကျယ်စွာအသုံးပြုနေမှုတို့ကြောင့် အပြစ်မဲ့ပြည်သူများနှင့် သက်ရှိသက်မဲ့များ ပျက်စီးဆုံးရှုံးနေခြင်းနှင့် ပြည်သူလူထု၏ ဘဝလုံခြုံမှုမရှိဘဲ ဖြစ်နေခြင်းတို့ကို သက်ဆိုင်ရာမှ မည်သို့ကူညီပေးနေသည်၊ မိုင်းပေါက်ကွဲမှုများသောဒေသများတွင် မိုင်းအန္တရာယ် ကာကွယ်နိုင်ရန် ပြည်သူများကို မည်သို့စီစဉ်ဆောင်ရွက်ပေးနေသည်နှင့် မိုင်းနှင့်ပေါက်ကွဲအားပြင်းသော လက်နက်များ အသုံးပြုမှုလျော့နည်းသွားစေရန် မည်သို့စီမံဆောင်ရွက်ထားသည်တို့ကို

သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းနှင့် စစ်ကျန်ပစ္စည်းများကြောင့် ထိခိုက်ခံရပြီး အသက်မသေကျန်ရစ်သူများအား ကယ်ဆယ်ခြင်း ရှေးဦးသူနာပြုစုခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတို့အား ကုသပေးခြင်း၊ ခြေတုလက်တုပြုလုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC, DCA ကဲ့သို့ INGO,NGO များပူးပေါင်း၍ Victim Assistance အနေဖြင့်ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မိုင်းအသုံးပြုမှု တားမြစ်ခြင်းနှင့် ဖျက်ဆီးခြင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာအစည်းအဝေးများသို့လည်း လေ့လာသူအဖြစ် ပါဝင်တက်ရောက်လျက်ရှိပါတယ်။ မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ရေးနှင့် ပတ်သက်သော နည်းပညာများ၊ နိုင်ငံတကာ၏အတွေ့အကြုံများကို ရယူလျက်ရှိပါတယ်။

မိုင်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်လျက်ရှိတဲ့ ဂျီနီဗာမြို့အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Foundation Suisse de Deminage (FSD) ရဲ့ ၂၀၁၄ ခုနှစ်အတွက် အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းရေးအသိပညာပေးရေးနှင့် မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါတယ်။ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ မိုင်းအသိပညာပေးရေး ဆောင်ရွက်မှုဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိရာ UNICEF နှင့် ပူးပေါင်း၍ မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းအဖွဲ့ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့မှ မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း မိုင်းများကို အကန့်အသတ်ဖြင့်သာထုတ်လုပ်၍ စစ်ဆင်ရေးများတွင် အကန့်အသတ်ဖြင့်သာ အသုံးပြုလျက်ရှိပါကြောင်း၊ စစ်ဆင်ရေးဒေသရှေ့တန်းစခန်းများတွင် လုံခြုံရေးအတွက်သာ မိုင်းများအား စနစ်တကျမှတ်ပုံတင်၍ အသုံးပြုပြီး စခန်းမှစွန့်ခွာသောအခါ အဆိုပါမိုင်းများအား စနစ်တကျ ပြန်လည်ဖော်ယူ

ရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဒေသများတွင် နိုင်ငံတော်စက်ရုံများ၊ တံတားများနှင့် ဓာတ်အား လိုင်းတာဝါတိုင်များအား နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်ရန်အတွက် တပ်အင်အားဖြင့် လုံခြုံရေး မဆောင်ရွက်နိုင်သော နေရာများတွင်သာ အကာအကွယ်မိုင်းများအား စနစ်တကျခင်းကျင်း၍ ခြံစည်း ရိုးခတ်ကာ မိုင်းသတိပေးဆိုင်းဘုတ်များတပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံသည် ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးသော နိုင်ငံဖြစ်သည်နှင့်အညီ ၎င်းသဘောတူညီချက်တွင် ပြဋ္ဌာန်းထားသည့်အချက်အလက်များကို လိုက်နာဆောင်ရွက်လျက်ရှိပါ တယ်။ Fourth Geneva Convention တွင် စစ်ဆင်ရေးနယ်မြေများ၌ အရပ်သားများကို ကာကွယ် စောင့်ရှောက်ပေးရမည်ဆိုသောအချက်ပါဝင်ပါတယ်။ ဆေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း တိုက်ပွဲများ ကြောင့် ထိခိုက်ဒဏ်ရာရရှိလာသောလူနာများကို ပြုစုစောင့်ရှောက်ကုသမှုများပေးလျက်ရှိပါတယ်။ စစ်ဆင်ရေးနယ်မြေအတွင်း မိုင်းထိသောအရပ်သားများကို ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များမှ မိမိတို့ စစ်သည်များနှင့်မခြား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း အဆင့် (၅) ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

တပ်ရင်းဆေးမှူးများက ဆောင်ရွက်ပေးခြင်းအနေနဲ့ ရှေ့တန်းစစ်မြေပြင်တွင် မိုင်းထိသော အရပ်သားများကို တပ်ရင်းဆေးမှူးများက ကြည့်ရှုကာ ၎င်းတို့၏ ဒဏ်ရာအခြေအနေအပေါ် မူတည်၍ အနာကို ဆေးကြောသန့်စင်ပေးခြင်း၊ အသက်ကယ်ကုသပေးမှုများဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ခွဲစိတ်ဖြတ်တောက်ပေးခြင်းများကို ဆောင်ရွက်ပေးကာ ဆေးရုံပြောင်းရွှေ့ရန်လိုအပ်ပါက ပြည့်စုံ လုံလောက်သော ကုသမှုမှတ်တမ်းများနှင့်အတူ ဗျူဟာဆေးတပ်ဖွဲ့ သို့မဟုတ် တပ်မဆေးတပ်ဖွဲ့ရှိရာ နေရာသို့ တပ်မတော်၏အစီအစဉ်ဖြင့် အချိန်မီလွှဲပြောင်းကုသစေပါတယ်။

ဗျူဟာဆေးတပ်ဖွဲ့များက ဆောင်ရွက်ပေးခြင်းအနေနဲ့ မိမိတို့ထံသို့ ရောက်ရှိလာသော မိုင်းထိ အရပ်သားလူနာများကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးပြီး လိုအပ်ပါက ခွဲစိတ်ဖြတ်တောက် ကုသ ပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံပြောင်းပေးရန် လိုအပ်သူများကို တပ်မတော်၏ အစီ အစဉ်ဖြင့် ရှေ့တန်းပင်မဆေးတပ်ဖွဲ့ရှိရာ သို့မဟုတ် တပ်မတော်ဆေးရုံများရှိရာသို့ ပို့ဆောင်ကုသပေး ပါတယ်။

တပ်မဆေးတပ်ဖွဲ့များက ဆောင်ရွက်ပေးခြင်းအနေနဲ့ မိမိတို့ထံသို့ ရောက်ရှိလာသော မိုင်းထိ အရပ်သားလူနာများကို လိုအပ်သော ခွဲစိတ်ကုသပေးမှုများ ဆောင်ရွက်ပြီးနောက် ဆေးရုံပြောင်းရွှေ့

ကုသပေးရန် လိုအပ်သောလူနာများကို တပ်မတော်ဆေးရုံများတွင် အခမဲ့ကုသပေးနိုင်ရန်အတွက် တပ်မတော်၏ အစီအစဉ်ဖြင့် လွှဲပြောင်းကုသပေးပါတယ်။

တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်ပေးခြင်းအနေနဲ့ တပ်မတော်ဆေးရုံများတွင် လိုအပ်သော ဆေးဝါးကုသမှုများကို အခမဲ့ကုသပေးပြီး ခြေတု၊ လက်တုတပ်ဆင်ရန် လိုအပ်သောသူများကို ခြေတု၊ လက်တုတပ်ဆင်ပေးခြင်းအတွက် လိုအပ်သော ပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်ရန် တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ(ခုတင်-၃၀၀)သို့ စေလွှတ်ကုသစေပါတယ်။

ခြေတု၊ လက်တုများ တပ်ဆင်ဆောင်ရွက်ပေးခြင်းအနေနဲ့ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ(ခုတင်-၃၀၀)တွင် လိုအပ်သော တိုင်းထွာမှုများပြုလုပ်ပြီး ခြေတု၊ လက်တုများကို တပ်ဆင်ပေးကာ နာလန်ထသည်အထိ ကုသပေးပြီး ၎င်းတို့၏မူလဒေသသို့ ပြန်လည်စေလွှတ်ပေးပါတယ်။

တပ်မတော်အနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူများရှိသောဒေသများရှိ ဒေသခံပြည်သူလူထုမှ လာရောက်သတင်းပေးပို့ပါက စစ်မြေပြင်အင်ဂျင်နီယာစစ်သည်များဖြင့် မိုင်းနှင့် မသက်ကွဲဖွယ်ရာ/ပေါက်ကွဲစေတတ်သော ပစ္စည်းများကို အချိန်မရွေးသွားရောက်ရှင်းလင်းပေးခြင်း၊ ၎င်းဒေသများတွင် မိုင်းအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် မိုင်းအသိပညာပေးခြင်းနှင့် မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ဗဟုသုတများ ပြည်သူလူထုမှ သိရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပတ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိရာ တပ်မတော်မှလည်း ပါဝင်ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေဖြင့် ပြည်တွင်းတွင် ကျင်းပလျက်ရှိသော မိုင်းအန္တရာယ်အသိပညာပေးအထောက်အကူပြုအဖွဲ့များ၏ ဆွေးနွေးမှုများနှင့်အတူ မြန်မာနိုင်ငံမိုင်းလုပ်ငန်းဗဟိုဌာန၏ မိုင်းရှင်းလင်းရေးကိစ္စရပ်များတွင် အကောင်အထည်ဖော်ရေးကိုလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းတွင် ကျင်းပသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ မိုင်းရှင်းလင်းရေးအလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့လည်း တက်ရောက် လျက်ရှိပါတယ်။ ယခုအခါ ကရင်ပြည်နယ်အတွင်း သုမွဲထမြစ်ဆုံနှင့် ဖာပွန်-ခေါ်ပုတ်-နတ်တောင်-ဒါးကွင်းဒေသ၌ လူသားချင်းစာနာမှု မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူ

လူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှင်းလင်းစွာသိရှိနိုင်ဖို့အတွက် ကျွန်မကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ ဖြေကြားပေးတဲ့ဒုတိယဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဖြေကြားသွားတဲ့အထဲမှာဆိုလို့ရှိရင် မိုင်းနှင့်ပေါက်ကွဲအားပြင်းတဲ့ လက်နက်ခဲယမ်းတွေကို လက်နက်ကိုင်တွေအသုံးပြုမှုမှ ဆုံးရှုံးမှုရှိနေတာကို ကာကွယ်ပေးတာတွေ၊ ကုသပေးနေတာတွေပဲဖြစ်နေပါတယ်။ ကျွန်မဆိုလိုတဲ့မိုင်းနှင့်ပေါက်ကွဲအားပြင်းတဲ့ လက်နက်ခဲယမ်းတွေကို လက်နက်ကိုင်တွေ တွင်ကျယ်စွာအသုံးနေတဲ့အတွက်ကြောင့် ပြည်သူလူထုတို့၏ဘဝလုံခြုံမှုမရှိဘဲဖြစ်နေခြင်းကိုဆိုပြီး ကျွန်မ လက်တွေ့ပကတိအခြေအနေနဲ့ ထင်ဟပ်ပြီးမေးခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီမိုင်းတွေကို သတင်းပေးလို့ရှိရင် အချိန်မရွေးသွားရောက်ရှင်းလင်းခြင်း ဖြစ်ပါတယ်။ မိုင်းအန္တရာယ်ကင်းရှင်းစေတဲ့ဗဟုသုတတွေကို ပေးပါတယ်ဆိုတာက ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်မမေးထားတဲ့မေးခွန်းက မိုင်းပေါက်ကွဲမှုများသောဒေသများတွင် ဆိုပြီးတော့ ကျွန်မပြောထားပါတယ်။ တကယ်တမ်းကျတော့ မိုင်းပေါက်ကွဲမှုများတဲ့ဒေသမှာ အဲဒါမရှိပါဘူး။ ပြီးတော့ မိုင်းရှင်းလင်းရေးအလုပ်ရုံဆွေးနွေးပွဲတွေ အဲဒါတွေလည်း ကျွန်မတို့ဒေသမှာမရှိပါဘူး။ အဲဒါကြောင့် ကျွန်မဆိုလိုတဲ့မေးခွန်းကို ဒါပေမယ့် ခုနကလည်း ကျွန်မလည်းပြောပါတယ်။ အဖြေမှန်မရနိုင်တဲ့မေးခွန်းလည်းဖြစ်မှာပါ။ ကျွန်မမေးသွားတာ။ အဲဒါကြောင့် ကျွန်မက အချိန်မီရှင်းလင်းမယ်၊ ကူညီပေးမယ်ဆိုလို့ရှိရင်တွေ့တာနဲ့ ကျွန်မချက်ချင်းပဲ သက်ဆိုင်ရာလက်နက်ကိုင်တွေကို ကျွန်မအကြောင်းကြားပါတယ်။ အကယ်၍များ အချိန်မီမရှင်းလင်းပေးနိုင်ခဲ့ဘူးဆိုလို့ရှိရင် ဘယ်လိုတွေဆောင်ရွက်ပေးနိုင်သလဲဆိုတာ ကျွန်မ သိချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးမေးခွန်းမေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီမိုင်းနဲ့ပတ်သက်ပြီးတော့ ဖြေရှင်းဖို့လည်း ပထမအကြိမ်မှာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့ပြီးတော့ ကျွန်တော်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့။ ကျွန်တော်တို့အနေနဲ့

တပ်မတော်အနေနဲ့ရော၊ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ရော မိုင်းနဲ့ပတ်သက်ပြီးတော့ မိမိတို့ရဲ့ စွမ်းဆောင်နိုင်မှုအတိုင်းအတာအတွင်းမှာ အပြည့်အစုံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်အစိုးရရဲ့ အဖွဲ့အစည်းများအသီးသီးကလည်း ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးသလို မိုင်းနဲ့ပတ်သက်ပြီးတော့ ထိခိုက်ခံရမှုတွေ ခံစားတဲ့နေရာမှာ အရပ်သားပြည်သူများသာမက ရှေ့တန်းမှာတိုက်ပွဲဝင်နေရတဲ့ ကျွန်တော်တို့ရဲ့ တပ်မတော်သားများလည်း ကိုယ်လက်အင်္ဂါများစွန့်လွှတ်ခြင်း၊ အသက်အန္တရာယ်များ ပေးဆပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အချိန်မီသွားရောက်ရှင်းလင်းမယ်ဆိုတဲ့နေရာမှာ သွားရောက်ရှင်းလင်းနိုင်တဲ့နေရာ၊ အခြေအနေပေးရမှာပဲဖြစ်ပါတယ်။ သွားရောက်ရှင်းလင်းနိုင်မှု အခြေအနေပေးနိုင်မှသာ သွားရောက်ရှင်းလင်းပေးနိုင်မှာဖြစ်ပါတယ်။ အလားတူ နောက်တစ်ခါ တွင်ကျယ်စွာအသုံးပြုနေမှုအတွက် အလုပ်ရုံဆွေးနွေးပွဲတွေဆောင်ရွက်ဖို့ဆိုတာလည်း အဲဒီနယ်မြေဒေသမှာ နယ်မြေအေးချမ်းမှုရှိမှ ပြည်နယ်အစိုးရတွေ၊ တိုင်းဒေသကြီးအစိုးရတွေကနေပြီးတော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးတဲ့မေးခွန်းကို ထပ်ဆင့်ဖြေရမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှု ရှိလာတာနဲ့ ဒီပြဿနာတွေဟာ အေးချမ်းသွားမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ မကြာခင်ကပဲ (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့နဲ့ ပြည်တွင်းလက်နက်ကိုင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆောင်ရွက်မယ့်လုပ်ငန်းများလည်း ရှိပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်မှုရပ်စဲရေးစာချုပ် အခန်း(၃) အပိုဒ် ၅(င)မှာလည်း ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသောမိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေနဲ့ တစ်ဆင့်ချင်း ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်သွားရန်ဆိုတဲ့ဆောင်ရွက်ချက်လည်း အချက်တစ်ချက်က အရေးကြီးနေတဲ့ ပါဝင်တာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းချမ်းသွားတာနှင့်အညီ ခုနက ကိုယ်စားလှယ်တော်ကြီးများလိုအပ်နေသလို ကျွန်တော်တို့ တပ်မတော်ကလည်း လိုအပ်နေတဲ့ပြည်သူလူထုနှင့်အတူ တပ်မတော်သားများ အားလုံး၊ နယ်အကြားမှာနေတဲ့ နိုင်ငံသူနိုင်ငံသားများအားလုံး ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိုင်းကင်းရှင်းရေးကိစ္စများကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း လေးစားစွာ ထပ်ဆင့်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**စစ်တွေမြို့ အခြေစိုက်ခြေလျင်တပ်ရင်း(၃၅၄)မှ သိမ်းယူထားသော ပေါက်တောမြို့နယ်၊ သစ်ပုတ်ကျေးရွာလယ်သမားများပိုင် လယ်မြေ(၁၅၂)ဧကကို သက်ဆိုင်ရာလယ်သမားများထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို ရိုသေစွာ ဂါရဝပြုပါတယ်။ ကျွန်တော်က ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ်က ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမယ့်မေးခွန်းကတော့ ပေါက်တောမြို့နယ် သစ်ပုတ်ကျေးရွာ လယ်သမားများပိုင် လယ်မြေ ၁၅၂ ဧကကို စစ်တွေမြို့ အခြေစိုက်ခြေလျင်တပ်ရင်း(၃၅၄)မှ သိမ်းယူထားသည်ကို သက်ဆိုင်ရာလယ်သမားများထံ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ/မရှိ၊ ရှိလျှင် မည်သည့်အချိန်ကာလတွင် ပြန်လည်ပေးအပ်ပါမည်နည်းလို့ မေးထားတာဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းပြလိုပါတယ်။ တပ်သိမ်းမြေဟာ တာတမံအတွင်းကို ကျပါတယ်။ တာတမံမှာ ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းရပါတယ်။ ထိန်းသိမ်းတဲ့ဥစ္စာကတော့ တာတမံမြေမှာ စပါးပဲ စိုက် ရမှာဖြစ်ပါတယ်။ ပုစွန်မွေးခွင့်မရှိရအောင် ထိန်းသိမ်းပါတယ်။ နောက်တစ်ချက်က ခုနက တပ်သိမ်းမြေ ရဲ့တည်နေရာကြည့်လိုက်ရင် ပေါက်တောမြို့မကနေ ၁၄ မိုင်ဝေးပါတယ်။ စစ်တွေကနေ မိုင် ၃၀ ခန့် ဝေးပါတယ်။ စစ်တွေကနေလာရရင် ချောင်း၊ မြစ်တွေဖြတ်ပြီးတော့မှ ခက်ခက်ခဲခဲသွားပြီး မြို့နယ်အစွန် ထိအောင် သွားရတဲ့အခြေအနေတွေ ရှိပါတယ်။ အခု သိမ်းထားတဲ့အနေအထားကတော့ ၁၉၉၇ ခုနှစ် မှာ ဌာန နှစ်ခုက သိမ်းပါတယ်။ တစ်ဆက်တစ်စပ်တည်းလည်း မဟုတ်ပါဘူး။ ဌာနတစ်ခုကတော့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဧက ၈၀၊ ခလရ (၃၅၄) က ၁၅၂ ဧက စုစုပေါင်း ၂၃၂ ဧက ဖြစ်ပါတယ်။ ကျွန်တော်တို့ မြေမှာအစွဲအလမ်းရှိတဲ့အတွက်ကြောင့် တောင်သူလယ်သမားများ မကြာခဏဆိုသလို တိုက်တွန်းတောင်းဆိုနေတဲ့အတွက် ၂၀၁၄ ခုနှစ်မှာ စသုံးလုံးက သိမ်းယူထားတဲ့ ဧက ၈၀ ကိုစွန့်လွှတ်လိုက်ပါပြီ။ တစ်ချိန်တည်းမှာပဲ တပ်က သိမ်းထားတဲ့မြေ ၁၅၂ ဧကကိုတော့ မစွန့်လွှတ် နိုင်ကြောင်း ပြန်ပြောပါတယ်။ ဒါပေမဲ့ ဒီဟာကို ကျွန်တော်ပြောချင်တာကတော့ တကယ်လို့ မသုံးပြုဘဲနဲ့ လယ်ယာအလုပ်လက်မဲ့တွေ ဖြစ်ပြီဆိုရင် ရပ်ရွာစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့

အတွက် ဒီဟာတော်တော်စဉ်းစားစရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ သိမ်းပုံ သိမ်း နည်း၊ လုပ်ထုံးလုပ်နည်းမှန်ရဲ့လားဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းကတော့ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနဲ့ သိမ်းရမှာဖြစ်ပါတယ်။ အမှုတွဲဖွင့်ရမယ်။ မြေသိမ်းဖို့ ဘာရည်ရွယ်ချက်နဲ့ သိမ်း သလဲဆိုတာကို အကျိုးအကြောင်းဖော်ပြပြီး Notification လို့ခေါ်တဲ့ကြေညာချက်ထုတ်ရမှာ ဖြစ်ပါတယ်။ နောက်ကန့်ကွက်လွှာခေါ်ရမယ်။ ကန့်ကွက်သူရှိခဲ့လို့ရှိရင် စစ်ဆေးရမယ်။ လျော်ကြေး တွက်ရမယ်။ လျော်ကြေးပေးရမယ်။ ပြီးတော့မှ မြေကိုလက်ရောက် လွှဲပေးရတဲ့ အနေအထားရှိပါ တယ်။ လက်ရောက်လွှဲပေးရာမှာ ပြည်ထဲရေးဝန်ကြီးဌာနက အမှုတွဲကို ကမကထလုပ်ပြီးတော့ဆိုင်ရာ ဝန်ကြီးဌာနကို လွှဲပေးခြင်းဖြစ်ပါတယ်။ အခု အဲဒါတွေ ဘာတစ်ခုမှ မလုပ်ခဲ့တဲ့အတွက်အပြင် မူလ ရည်ရွယ်ချက်အတိုင်း စပါးစိုက်ရမယ့်ဥစ္စာကို ပုစွန်မွေးထားတာဖြစ်တယ်။ ပုစွန်မွေးတာလဲ ကိုယ်တိုင် မွေးထားတာမဟုတ်ဘဲနဲ့ အငှားချထားတာ ဖြစ်ပါတယ်။ ဆိုတော့ လုပ်ထုံးလုပ်နည်းအရကြည့်ရင် မူလ ကပင်ပျက်ပြယ်တယ်လို့ဆိုပါတယ်။ မြေသိမ်းဥပဒေမှာပြောထားတာကတော့ ဒီလိုသိမ်းခြင်းမျိုးဟာ Garbing လို့ခေါ်တဲ့ မြေလုတာလို့ ပြောပါတယ်။ နောက်တစ်ချက်ကတော့ တပ်ရဲ့အနေအထား ဖြစ်ပါတယ်။ တပ်ရဲ့ Mission ကကဘာလဲ။ ပြင်ပရန်ကာကွယ်ရေးဖြစ်ပါတယ်။ တပ်ရိက္ခာတွေ၊ သက်သာချောင်ချိရေးတွေ Government ဘတ်ဂျက်ထဲက သုံးရမှာပဲ ဖြစ်ပါတယ်။

အခုကတော့ တပ်ရိက္ခာအတွက်၊ တပ်သက်သာချောင်ချိရေးအတွက်ဆိုပြီးတော့ နှစ်ပေါင်း များစွာ သိမ်းထားပြီးမှ တစ်ယောက်ပြီးတစ်ယောက် ရှာပေးနေတာ တွေ့ရပါတယ်။ အခုဆိုရင် နှစ်ပေါင်း ၂၀ ခန့်ရှိပါတယ်။ အခုအခြေအနေမှာတော့ ကျွန်တော်တို့ အခြေအနေတွေပြောင်းလာပြီ ဖြစ်တဲ့အတွက် အခုလို ထပ်မံတင်ပြရခြင်းဖြစ်ပါတယ်။ လယ်သမား မိသားစုများစားဝတ်နေရေး အတွက် လယ်မြေကို ပြန်ယူရယူလိုကြောင်း တဖန်အရေးဆိုလာကြရပါတယ်။ ယင်းမြေကိုရရှိမှာသာ လယ်သမားမိသားစု တစ်စုလျှင် တစ်ထောင့်ထွာလယ်မြေကိုရရှိမည်ဖြစ်၍ အထိုက်အလျောက် စားဝတ်နေရေး ပြေလည်နိုင်မှာပါ။ အခုတော့ စာရင်းငှားဘဝ၊ ကျပန်းအလုပ်သမားဘဝတို့အဖြစ် ဖြစ်သလိုအသက်မွေးဝမ်းကျောင်းပြုနေရသည်မှာ အလွန်စိတ်မကောင်းစရာ ဖြစ်နေရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖော်ပြပါလယ်မြေကို သိမ်းယူစဉ်ကာလမှာ ရခိုင်ပြည်နယ်၌ ရေငန်ပုစွန်မွေးမြူလို့ အကျိုးဖြစ်ထွန်းနေတဲ့ အချိန်နဲ့တိုက်ဆိုင်နေပါတယ်။ မသမာတဲ့ လယ်သမားတစ်စုတို့ဟာ သူတို့ ပုစွန် မွေးမြူရေးရအောင်လို့ တပ်ရင်းအကြီးအကဲများနဲ့ဆက်သွယ်ပြီးတော့မှ နည်းမှန်လမ်းမှန်မဟုတ်ဘဲနဲ့ မတရား ရယူခဲ့ပါတယ်။ ကျွန်တော်တို့ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံတော်ပိုင်ပြုလုပ်ရေးအက်ဥပဒေ၊

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအသစ်၊ နောက် မြေသိမ်းဥပဒေများအရ သိမ်းယူခြင်းမဟုတ်ပါဘဲ လျက်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ ပေါက်တောမြို့နယ်၊ သစ်ပုတ်ကျေးရွာ လယ်သမားများပိုင်လယ်မြေ(၁၅၂)ဧကကို စစ်တွေမြို့ အခြေစိုက်ခြေလျင်တပ်ရင်း(၃၅၄)မှ သိမ်းယူထားသည်ကို သက်ဆိုင်ရာ လယ်သမားများထံသို့ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိ၊ ရှိလျှင်မည်သည့် အချိန်ကာလတွင် ပြန်လည်ပေးအပ်ပါမည်ကိုသိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းပါမြေနေရာဟာ အမှတ်(၃၅၄) ခြေမြန်တပ်ရင်းရဲ့ တပ်ဧရိယာပြင်ပ ပေါက်တောမြို့နယ်၊ သစ်ပုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၂၀၇)၊ ဂေါ်ယဉ်ပင်ကွင်းရှိ မြေဧရိယာ(၁၆၀.၆၂)ဧက မြေနေရာဖြစ်ပြီး ၁၉၉၃ ခုနှစ်ခန့်က ဆည်မြောင်းတာတံများကျိုးပေါက်၍ ဆားငန်ရေများဝင်ရောက်ခဲ့သဖြင့် လယ်ယာစိုက်ပျိုး၍မရရှိခြင်းကြောင့် အစိုးရမှ ပလပ်ထားရှိသည့်မြေနေရာဖြစ်ကာ အမှတ်(၃၅၄) ခြေမြန်တပ်ရင်းမှ ပိုင်ဆိုင်မှုလုပ်ကိုင်ခွင့် လျှောက်ထားတင်ပြစဉ် ပိုင်ဆိုင်လုပ်ကိုင်သူမရှိဘဲ အစိုးရပလပ်မြေအဖြစ်သာတည်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အမှတ်(၃၅၄) ခြေမြန်တပ်ရင်းအနေဖြင့် အဆိုပါမြေနေရာအား တပ်မိသားစုသက်သာချောင်ချိရေးအတွက် ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ယခင်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သစ်ပုတ်ကျေးရွာအုပ်စု၏ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါစာအရ မည်သူတစ်ဦးတစ်ယောက်မျှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ဖြင့် လျှောက်ထားဆောင်ရွက်ခဲ့ရာမြေစာရင်း

ပုံစံ(၁၀၅) ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ရေစက်ပုစွန်မွေးမြူခြင်းလုပ်ငန်းအား ၁၉၉၉ ခုနှစ်မှ ယနေ့ထိတိုင် စဉ်ဆက်မပြတ် မွေးမြူလုပ်ကိုင်လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ ၂၀၁၄ -၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် ငါးပုစွန်မွေးမြူရေးလိုင်စင်ကြေးများ ပေးဆောင်လုပ်ကိုင်လျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါမြေနေရာဟာ အမှတ်(၃၅၄) ခြေမြန် တပ်ရင်းအနေဖြင့် အင်အားပြ၍ မတရားရယူသိမ်းဆည်းခဲ့ခြင်း၊ စီးပွားရေးသမားများနှင့် ပေါင်း၍ ငွေကြေးအကျိုးအမြတ်ရရှိရန်အတွက် သိမ်းယူခဲ့ခြင်းမျိုးမဟုတ်ဘဲ တပ်ရင်းမိသားစုသက်သာချောင်ချိ ရေးအတွက် ပုစွန်မွေးမြူနိုင်ရန် အစိုးရပလပ်မြေကို လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ သိမ်းဆည်းခဲ့ရာ ပုံစံ(၁၀၅)ရရှိပြီးဖြစ်သောကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဆက်ပြီးမေးချင်တာက ဗိုလ်ချုပ်ဖြေသွားတဲ့ အထဲမှာ ပုံစံ(၁၀၅)၊ (၁၀၆) ရပြီးဖြစ်တယ်လို့ ဆိုပါတယ်။ ပုံစံ(၁၀၅) သည် မြေပုံ၊ (၁၀၆) သည်မြေရာဇဝင် ဖြစ်ပါတယ်။ မြေကိုအပိုင်လွှဲအပ်ခဲ့တဲ့ အမိန့်အာဏာ Authority မဟုတ်ပါဘူး။ အဲဒါကြောင့် ဒီဟာသည် တရားမဝင်ဘူးလို့ ပြောချင်ပါတယ်။ အဲဒါကြောင့် ပြန်ပေး သင့်တယ်လို့ ထပ်တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ တင်ပြခဲ့တဲ့အထဲမှာပါတဲ့ ဒီမေးခွန်း နဲ့ပတ်သက်လို့ မြေနေရာဟာ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၆-၈-၂၀၁၄ ရက်နေ့ကစပြီး မစွန့် လွှတ်နိုင်ကြောင်း ပြန်ကြားခဲ့ပြီးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ တက်လာတဲ့ အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ လေးစားစွာဖြင့် ပြန်လည်ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တရားဝင်မြေသိမ်းဆည်းတဲ့အခါမှာ လယ်ယာမြေများနဲ့ တပ်မတော်ရဲ့ မြေသိမ်းဆည်းရေးမူဝါဒနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ စွန့်လွှတ်ပေးတဲ့အခါမှာ လည်း တပ်မတော်ကနေပြီးတော့ တပ်မြေသိမ်းဆည်းရေးနှင့်စပ်လျဉ်းပြီးတော့ ချမှတ်ထားတဲ့မူဝါဒ သုံးရပ်နှင့် အညီ ဆောင်လျက်ရှိပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ကို နိုင်ငံတော်မှာအဆင့်မြင့်ဆုံး ဖွဲ့စည်း ထားတဲ့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ စိစစ်ရေးဗဟိုကော်မတီကလည်း ညွှန်ကြားထားတာ

ရှိပါတယ်။ ဗဟိုကော်မတီအနေနဲ့ ချမှတ်နိုင်ခြင်း၊ စွန့်လွှတ်ခြင်းမရှိသောမြေများကို သိမ်းဆည်းမှုများနှင့်ပတ်သက်ပြီးတော့ အချက်ခုနစ်ချက်နှင့်အညီ စိစစ်တင်ပြထားပါတယ်။ ဒါတွေနဲ့ ပတ်သက်လည်း အားလုံးသိပြီးသား ဖြစ်တဲ့အတွက်ကြောင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ရှင်းလင်း တင်ပြခြင်း မပြုတော့ပါဘူး။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဗဟိုကော်မတီမှ ချမှတ်ထားသော ညွှန်ကြားချက်နဲ့အညီလည်း ဆောင်ရွက်ခဲ့ပါတယ်။ တပ်မတော်ရဲ့ မြေစွန့်လွှတ်ရေးမူဝါဒသုံးရပ်နဲ့အညီလည်း စွန့်လွှတ်ပေးနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ပြန်ကြားပြီးဖြစ်တဲ့ အတွက်ကြောင့် ထပ်မံဖြေကြားပေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပူတာအိုခရိုင်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးဒေသများတွင် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြဝတီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တပ်ဆင်ပေးရေးနှင့်ပတ်သက်တဲ့ မေးခွန်းမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင် မချမ်းဘောမြို့၊ နောင်မွန်၊ ခေါင်လန်ဖူးမြို့များမှာ ယနေ့အထိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တပ်ဆင်ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။ တပ်ဆင်ရန် စက်ပစ္စည်းများရောက်ရှိသော်လည်း တပ်ဆင်ရန်ခွင့်ပြုမိန့်မကျသေးကြောင်း ရုပ်သံဝန်ထမ်းများရဲ့ပြောပြချက်အရသိရှိရပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျွန်တော်တို့ ပူတာအိုခရိုင် မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးမြို့များမှာ ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်မှာဆောင်ရွက်ပေးမည်၊ အကယ်၍မရှိပါက အဘယ်ကြောင့်ဆိုတဲ့ အကြောင်းကို သိရှိလိုပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပူတာအိုခရိုင် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသမှာ မြဝတီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တပ်ဆင်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင်၏ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မချမ်းဘော၊ နောင်မွန်၊ ခေါင်လန်ဖူးဒေသများတွင် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့် တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို သိရှိလိုခြင်းကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်ရှိ မချမ်းဘော၊ နောင်မွန်နှင့် ခေါင်လန်ဖူးမြို့တို့တွင် မြဝတီရုပ်မြင်သံကြား 40 Watt ရှိသည့် Digital ထပ်ဆင့်လွှင့်စက်များ တပ်ဆင်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူရေးဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ထပ်ဆင့်လွှင့်စက်များအား ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်တွင် သက်ဆိုင်ရာမြို့အသီးသီးသို့ စုပုံပေးခဲ့ပြီးဖြစ်ပါတယ်။

၎င်းမြို့သုံးမြို့ရှိပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနပိုင် MRTV Tower များနှင့် တွဲဖက်တပ်ဆင်ခွင့်ရရှိရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ညှိနှိုင်းအကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မချမ်းဘော၊ နောင်မွန်နှင့် ခေါင်လန်ဖူးမြို့များ၌ မြဝတီရုပ်မြင်သံကြား Digital ထပ်ဆင့်လွှင့်စက်များအား ပြန်ကြားရေးဝန်ကြီးဌာနမှ MRTV Tower များနှင့် တွဲဖက်တပ်ဆင်ခွင့်ပေးမည်ဆိုပါက အမြန်ဆုံးအကောင်အထည်ဖော် တပ်ဆင်ထုတ်လွှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်အတွင်းရှိ အမှတ်(၄) ရပ်ကွက်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော ဝင်းသူဇာအရောင်းဆိုင်အား မူလပိုင်ရှင်များဖြစ်သော အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု (မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်တွင် ပြည်သူပိုင်အဆောက်အဦတစ်ခု၌ ၁၉၅၂ ခုနှစ်မှစတင်၍ ပြည်တော်သာစာဖတ်အသင်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ၁၉၆၇ ခုနှစ်တွင် တိုးတက်ရေးစာကြည့်အသင်းအဖြစ် ဆက်လက်ပြောင်းလဲဖွင့်လှစ်၍ ပြည်သူများ စာပေဗဟုသုတများရရှိစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြန်ပါတယ်။ ထိုပြည်သူပိုင်စာကြည့်တိုက်အဆောက်အဦနှင့် မြေနေရာအား ၂၀၀၆ ခုနှစ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝင်းသူဇာအရောင်းဆိုင်ဖွင့်လှစ်ရန် မူလပိုင်ရှင်ဖြစ်သော မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်နေပြည်သူများထံမှ သဘောတူညီမှုရယူခြင်းမရှိဘဲ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ဖိအားပေးမှုကြောင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ ပြည်သူများ၏ဆန္ဒလုံးဝမပါဘဲ လွှဲပြောင်းပေးအပ်ခဲ့ရပါတယ်။ ထိုသို့ လွှဲပြောင်းပေးအပ်စဉ်အခါက ထိုအမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ကျွန်မတို့ပြည်သူများအား နစ်နာကြေး သို့မဟုတ် လျော်ကြေးအဖြစ် အခကြေးငွေတစ်စုံတစ်ရာပေးခြေခဲ့ခြင်း မရှိခဲ့ပါဘူး။ ထို့နောက် အမှတ်(၄)ရပ်ကွက် ပြည်သူများပိုင် အဆောက်အဦအား ဖျက်ဆီး၍ အဆောက်အဦအသစ်ဆောက်လုပ်၍ ၂၀၀၆ ခုနှစ်မှာပင် ဝင်းသူဇာအရောင်းဆိုင်အား စတင်၍ ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ သို့သော် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ဝင်းသူဇာအရောင်းဆိုင်အား ပိတ်သိမ်းခဲ့ပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သည်မှာ ယခုအချိန်အထိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၀) ရက်မြောက်နေ့တွင် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏မေးခွန်းကို ပြန်ကြားရေးဝန်ကြီးမှ ကမ္ဘာကိုမြန်မာက သိဖို့နဲ့ မြန်မာကိုကမ္ဘာကသိဖို့အတွက် စာပေအဆောက်အဦများ တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဝမ်းသာစရာအဖြေတစ်ခုကို ကြားသိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မမေးလိုတဲ့အချက်မှာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သော အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ သိမ်းယူခဲ့သည့် စာကြည့်တိုက်၏မြေနေရာနှင့် ယခုအဆောက်အဦအား မူလပိုင်ရှင်ဖြစ်သည့် အမှတ်(၄)ရပ်ကွက်နေ ပြည်သူများနှင့် မင်းတုန်းမြို့နယ် ပြည်သူလူထုများအတွက် အသိပညာ၊ ဗဟုသုတများ မြှင့်တင်ပေးနိုင် ရေးနှင့် စာပေဗဟုသုတများ လေ့လာနိုင်စေရေးအတွက် လွှဲပြောင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်လွှဲပြောင်းပေးပါမည်နည်းကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၏ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်အတွင်းရှိ အမှတ်(၄)ရပ်ကွက်တွင် ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော ဝင်းသူဇာအရောင်းဆိုင်အား မူလပိုင်ရှင်များဖြစ်သော အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသော စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ ဝင်းသူဇာအရောင်းဆိုင်သည် မြေ ဝ.ဝ၆၇ ဧကရှိပြီး ၂၄-၉-၂၀၁၀ ရက်နေ့တွင် အမှတ်(၃၁) အကြီးစားစက်ရုံ(သရက်)၏ စက်ရုံအမည်ပေါက် လန-၃၉ ဂရန်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဂရန်အမျိုးအစားမှာ နှစ် ၃၀ ဂရန်ဖြစ်ပြီး ၂၄-၉-၂၀၄၀ ရက်နေ့အထိ ဖြစ်ပါတယ်။ ဝင်းသူဇာ

အရောင်းဆိုင်(မင်းတုန်း)၏ မြေနှင့်အဆောက်အဦမှာ စက်ရုံအမည်ပေါက်မရရှိသေးခင် ကာလအတွင်း မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်၏ စာကြည့်တိုက်အဖြစ် တည်ရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန[ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာန]က လွှဲပြောင်းရရှိခဲ့ခြင်းဖြစ်ပါတယ်။ ယခင်စာကြည့်တိုက် အဆောက်အဦအား စက်မှုဝန်ကြီးဌာနအနေနဲ့ ငွေကျပ် ၂၁၆.၆၅ သိန်း အကုန်ကျခံ၍ (၃၅ ပေx၅၅ ပေ) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအဆောက်အဦအဖြစ် ပြုပြင်ဆောက်လုပ်ခဲ့ပြီး ၈-၄-၂၀၁၅ ရက်နေ့တွင် ဝင်းသူဇာအရောင်းဆိုင်(မင်းတုန်း)အဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့သော်လည်း စီးပွားရေး တွက်ခြေကိုက်မှုမရှိသဖြင့် ၄-၁၀-၂၀၁၁ ရက်နေ့မှစ၍ အရောင်းဆိုင်အား ပိတ်သိမ်းထားခဲ့ရပါတယ်။

အဆိုပါစာကြည့်တိုက်မြေနှင့် အဆောက်အဦအား မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ရပ်မိရပ်ဖရှစ်ဦးတို့က ၁၆-၈-၂၀၁၃ ရက်နေ့ပါစာဖြင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့သောကြောင့် မြေတန်ဖိုးမပါ၊ လက်ရှိအဆောက်အဦ၏ နှစ်ချုပ် တန်ဖိုး(Book Value)အား နိုင်ငံတော်သို့ ပေးသွင်းမည်ဆိုပါက ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ပါ ကြောင်းအမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း ယခင်အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ ၄-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၅၀၉/၅၀၀၅/ရောင်း ၉၈၉ ဖြင့် မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး နှင့် ရပ်မိရပ်ဖ ၈ ဦးထံပြန်ကြားပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝင်းသူဇာအရောင်းဆိုင် (မင်းတုန်း)အဆောက်အဦ၏ မူလတန်ဖိုးငွေ ကျပ် ၂၁၆.၆၅ သိန်းမှာ နိုင်ငံတော်၏ ငွေကြေးဖြင့် တည်ဆောက်ပေးထားခဲ့ခြင်းဖြစ်ပြီး ၃၁-၅-၂၀၁၆ ရက်နေ့ရှိ နှစ်ချုပ်လက်ကျန် ဌာနတန်ဖိုး(Book Value)မှာ ၉၇.၄၉၂ သိန်းဖြစ်ပါ၍၊ မြေတန်ဖိုးမပါအဆောက်အဦ၏ (Book Value)တန်ဖိုး ၉၇.၄၉၂ သိန်းအား နိုင်ငံတော်သို့ ပေးသွင်းမည်ဆိုပါက စက်မှုဝန်ကြီးဌာန အနေဖြင့် ယင်းအဆောက်အဦအား မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု (မင်းတုန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါရှင်။ ကျွန်မတို့ အရင်စာကြည့်တိုက်ကို မြို့နယ်ပိုင်စာကြည့်တိုက်၊ ပြည်သူပိုင်စာကြည့်တိုက်က

မြေနေရာကော၊ အဆောက်အဦကော ရှိခဲ့ပါတယ်။ မြေနေရာကော၊ အဆောက်အဦကောကို ရှိခဲ့စဉ် အခါတုန်းက အခကြေးငွေတစ်ပြားမှမပေးပဲနဲ့ သိမ်းယူသွားခဲ့ခြင်းဖြစ်ပါတယ်။ အခုအချိန်မှာ ပြည်သူ တွေကိုပြန်ပေးတဲ့အချိန်မှာ ၃၇.၃၇ သိန်းပေါင်းကို ပြန်ပေးရမယ်ဆိုတော့ ပြည်သူတွေအနေနဲ့ လုံးဝပြန်ပေးချေနိုင်ခြင်းမရှိပါဘူးရှင်။ အဲဒီတော့ အဲဒီလိုပြန်ပေးချေနိုင်ခြင်းမရှိတဲ့အတွက် ကျွန်မမေး ချင်တာက မိမိတို့အတွက်လည်း အသုံးမဝင် တစ်ပါးသူကိုလည်း အသုံးပြုခွင့်မပေးခြင်းမျိုးဟာ လုံးဝမဖြစ်သင့်ပါဘူး။ အဲဒါကြောင့် ကျွန်မတို့ အသိပညာ၊ ဗဟုသုတမြှင့်တင်ပေးနိုင်ဖို့အတွက် စာကြည့်တိုက်အဖြစ် အသုံးပြုခွင့်ပေးနိုင်ပါမည်လားဆိုတဲ့ မေးခွန်းလေးကို တစ်ဆက်တစ်စပ်တည်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုကို အသိပညာပေးဖို့နေရာမှာ စာကြည့် တိုက်က မရှိမဖြစ်လိုအပ်တာဖြစ်ပါတယ်။ ဒီစာကြည့်တိုက်တွေကို ဖွင့်လှစ်ပြီးရင်လည်း စာကြည့်တိုက် အတွင်းမှာလိုအပ်သော စာရွက်၊ စာတမ်း၊ အဆောက်အဦအကုန်လုံး ကျွန်တော်တို့ ပြည့်စုံအောင် ဖန်တီးပေးဖို့ရှိပါတယ်။ ဒီလိုအဆောက်အဦတွေရဲ့ တန်ဖိုးကို ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ ကျပ် သိန်းပေါင်း ၂၁၆ သိန်းကျော် ကုန်ကျခံခဲ့ပြီးတော့ တန်ဖိုးလျော့ပြီးတဲ့နောက် ကျန်ရှိသောငွေ အနည်းငယ်ကိုသာ ပြန်လည်ပေးသွင်းရန် တင်ပြခြင်းဖြစ်ပါတယ်။ ဒီငွေအပြင် ကျွန်တော်တို့အနေနဲ့ ထပ်မံပြီးတော့ စိုက်ထုတ်ပေးရမှာက လိုအပ်သော စာရွက်၊ စာတမ်း၊ စာအုပ် အချက်အလက်တွေ အားလုံးပြည့်စုံအောင် ကျွန်တော်တို့ ဖန်တီးပေးဖို့ရှိပါသေးတယ်ခင်ဗျာ။ အဲဒီအတွက် ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ကတော့ ဒီမူလတန်ဖိုးမှ တန်ဖိုးလျော့ပြီးတော့ ကျန်ရှိသောငွေအပြင် ငွေလွှဲပေးပြီးတော့ ပြန်လည်ပေးသွင်းပြီးတဲ့နောက် ကျွန်တော်တို့အနေနဲ့ ဒီမှာ လိုအပ်သော ကျန်တဲ့ပံ့ပိုး ပေးရမယ့် စာရွက်၊ စာတမ်း၊ အထောက်အထားအားလုံးကို ပံ့ပိုးပေးရမှာဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံ တော်အနေနဲ့ နိုင်ငံတော်ကျခံထားရတဲ့ ငွေဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပေးလှူနိုင်သော စာရွက်၊ စာတမ်း၊ စာအုပ်၊ စာတမ်းများကို စရိတ်ငြိမ်းပေးလောက်ဘူးဖြစ်ပါတယ်။ (Book Value) တန်ဖိုး ပေါ်ပေါက်နေသော ငွေတန်ဖိုးသည် ငွေစာရင်းရှင်းလင်းရာမှာ သာမန်အားဖြင့် တရားမဝင်ရှင်းလင်း လို့မရတဲ့အတွက် ဒီဟာကို တရားဝင်ဖြစ်အောင် တင်ပြခြင်းဖြစ်ပါတယ်။ ဒီငွေလေးကို ၉၇ သိန်းကျော် ကို တင်သွင်းပြီးတဲ့အခါမှာ ပြန်လည်လွှဲပြောင်းပြီးတဲ့နောက် ကျွန်တော်တို့မြေပေါ်မှာရှိသော

အဆောက်အဦနဲ့ သက်ဆိုင်သောပရိဘောဂများ၊ စာရွက်စာတမ်းများ၊ စာအုပ်များ ပေးလှူမှုဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပုဏ္ဏားကျွန်းမြို့ စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့ စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ တည်ဆောက်ပေးပါမလဲ။ အစီအစဉ်မရှိသေးပါက မည်သည့်အတွက်ကြောင့်လဲဆိုတာ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှာ ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ အလုပ်လုပ်ကိုင်နိုင်သူများရဲ့ ၆၅ ရာခိုင်နှုန်းဟာ အလုပ်အကိုင်အခွင့်အလမ်း လုံးဝမရှိတဲ့အတွက် မိမိတို့ချစ်ခင်တွယ်တာရတဲ့ မိသားစုတွေ၊ ဆွေမျိုးတွေကို ခွဲခွာပြီးတော့ နိုင်ငံခြားတိုင်းပြည်များ၊ ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် ရန်ကုန်မြို့ကြီးအပါအဝင် ဝေးလံတဲ့ဒေသတွေဆီကို နေရပ်စွန့်ခွာပြီးတော့ အလုပ်သွားလုပ်နေကြရပါတယ်။ ရွာတွေမှာ လယ်အငှားထွန်ပေးသူ၊ စပါးရိတ်ပေးသူတွေမရှိတော့ဘဲ သက်ကြီးရွယ်အို၊ မိန်းမတွေနဲ့ ကလေးတွေပဲ ကျန်ပါတော့တယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက်က ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်မှာရှိတဲ့ အလုပ်လက်မဲ့ပြဿနာကြီးတွေကို ဖြေရှင်းနိုင်ဖို့ရည်ရွယ်ပြီးတော့ ကျောက်ဖြူ အထူးစက်မှုဇုန်စီမံကိန်းနှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ တရားဝင်ကြေညာထားပေးပြီးဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အရေးတကြီးလိုအပ်နေတဲ့ လျှပ်စစ်မီးလည်း ယခုအခါ ရရှိနေပြီဖြစ်ပါတယ်။ စက်မှုဇုန်အတွက် ရေရရှိဖို့ ပုဏ္ဏားကျွန်းမြို့နယ် ကျိန်ချောင်းဆည်ကိုလည်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ဆည်ဖို့ပြီးစီးခဲ့၍ ယခုနှစ် မိုးရာသီမှာ ရေလှောင်ထားပြီးဖြစ်ပါတယ်။ စက်မှုဇုန်အတွက် မြေနေရာ ၁၈၃၃ ဧကကိုလည်း

သတ်မှတ်လျာထားပြီး လယ်သမားများကို စပါးမစိုက်စေတော့ဘဲ လျော်ကြေးငွေများကိုလည်း အတော်များများပေးထားပြီးပြီလို့ သိရပါတယ်။ ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းအကောင်အထည်ဖော် အောင်မြင်လာပါက အလုပ်သမားတစ်သိန်းခွဲခန့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မည်ဖြစ်ပါ၍ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူရရှိနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒေသခံမဲဆန္ဒရှင်များရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်၏ ပုဏ္ဏားကျွန်းမြို့ စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပါမည်နည်း၊ အစီအစဉ်မရှိသေးပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ် အမှတ်(၂၂) စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လယ်မြေ ၁၅၃၃ ဧက၊ စားကျက်မြေ ၁၃၁ ဧက၊ အခြားမြေ ၁၆၉.၁၅ ဧက စုစုပေါင်း ၁၈၃၃.၁၅ ဧကအား လျာထားသတ်မှတ်ထားခဲ့ပါတယ်။ အဆိုပါဧကများထဲမှ လယ်မြေ ၆၅၆.၈၅ ဧက၊ စားကျက်မြေ ၁၃.၃ ဧကနှင့် အခြားမြေ ၂၁.၆၃ ဧက စုစုပေါင်း ၆၉၁.၇၈ ဧကအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ဟိုးဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မြေယာလျော်ကြေးငွေ ကျပ် ၁၆၈၃.၇၀၅ သန်းနှင့် သက်ဆိုင်ရာတောင်သူများသို့ ပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် စက်မှုဇုန်ဧရိယာအတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ စက်မှုလက်မှုပညာသင်ကျောင်း ဆောက်လုပ်နေသော မြေ ၅.၁၄ ဧကအတွက် လျော်ကြေးငွေကျပ် ၁၁.၄၃ သန်းအား သက်ဆိုင်ရာတောင်သူများသို့ ပေးအပ်ပြီးဖြစ်ပါကြောင်းနှင့် စက်မှုဇုန်ဧရိယာအတွင်း စုစုပေါင်း

မြေဧရိယာ ၆၉၆.၉၂ ဧကအတွက် လျော်ကြေးငွေကျပ် ၁၆၉၅.၁၃၅ သန်းကို ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။

စက်မှုဇုန်ဧရိယာအတွင်းရှိ စက်မှုဇုန်အား ကျော်ဇံကျေးရွာအထိ မြေသားလမ်း ၃.၇ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းအားလည်းကောင်း၊ လမ်းပေါ်ရှိရေပြွန်ငါးစင်း၊ သံကူကွန်ကရစ်တံတားတစ်စင်းတို့အား တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ BMIC ဆောက်လုပ်ရေးကုမ္ပဏီတို့သဘောတူစာချုပ်ချုပ်ဆိုပြီးဖြစ်တဲ့အတွက် မြေလျော်ကြေးငွေပေးအပ်ပြီးတဲ့အပိုင်းကို လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်၌ ဟိုးဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အား မြေယာလျော်ကြေးပေးအပ်ပြီးသောအပိုင်းအား မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စတင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စဉ့်ကိုင်မြို့နယ်၊ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)တွင် အလုပ်ရှင် Panda Textile Co. Ltd နှင့်အလုပ်သမားများကြားရှိ အလုပ်သမားသပိတ်နှင့်စပ်လျဉ်း၍ ဖြေရှင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)မှာ အလုပ်ရှင် Panda Co. Ltd နှင့်အလုပ်သမားများအကြား ကာလရှည်ကြာမကျေနပ်မှု၊ တင်းမာမှုတွေကြောင့် ဖြစ်ပွားနေရတဲ့အလုပ်သမားသပိတ်နှင့်စပ်လျဉ်းပြီးတော့ အပြီးအပြတ်ပြေလည်မှုရစေရန် အချိန်ကာလတိကျစွာသတ်မှတ်၍ ဖြေရှင်းပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။ လိုအပ်သောနေရာမှာ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အမှတ်(၂)အထည်စက်ရုံ(ပလိပ်)ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းကနေပြီးတော့ Panda Co. Ltd ကို လွှဲပြောင်းငှားရမ်းခဲ့တယ်လို့ သိရှိရပါတယ်။ စတင်လွှဲပြောင်းချိန်မှစပြီးတော့ ယခုသုံးနှစ်တာ

ကာလအတွင်းမှာဆိုရင် အလုပ်ရှင်နှင့်အလုပ်သမားတွေရဲ့ကြား ဆန္ဒပြသပိတ်မှောက်မှုတွေ အငြင်းပွား မှုတွေ၊ ညှိနှိုင်းဖြေရှင်းရမှုတွေဟာဆိုရင် အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ မူလစာချုပ်၊ ပြင်ဆင်စာချုပ် များအပြင် ညှိနှိုင်းဖြန်ဖြေရေးစာချုပ်များ အကြိမ်ကြိမ်ချုပ်ဆိုခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုဖြစ်ပွားနေသော သပိတ်မှာလည်း နားရက်ကိုပျက်ကွက်ရက်အဖြစ်သတ်မှတ် ၍လုပ်ခဖြတ်တောက်ရာမှာ အလုပ်ရှင်နှင့် အလုပ်သမားများကြား အငြင်းပွားမှုကြောင့်မို့လို့ စတင် ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့တိုင်ကြားတောင်းဆိုမှုကြောင့်မိုလို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးပေးခဲ့ပါတယ်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်နေ့ရက်စွဲနှင့် အလုပ်သမား ၄၉၈ ဦးရဲ့ ဖြတ်တောက်ထားတဲ့လုပ်ခတွေကို ပြန်လည်ပေးရန် ညွှန်ကြားချက်ထုတ်ပြန် ခဲ့ပေမဲ့လည်း အလုပ်ရှင်ဘက်က လိုက်နာခြင်းမရှိကြောင်းသိရပါတယ်။ တစ်လတာကာလအတွင်းမှာ သက်ဆိုင်ရာဌာနတွေက ညှိနှိုင်းပေးသော်လည်း ပြေလည်မှုမရတဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် နေ့မှာအလုပ်သမားသပိတ်ဟာ စတင်ဖြစ်ပွားခဲ့ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေက ၂၀၁၆ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ကနေပြီး ၈ ရက်နေ့အထိ ခေါ်ယူညှိနှိုင်းပေးခဲ့ပါတယ်။ အလုပ်ရှင် Panda Co. Ltd ဘက်ကလိုက်နာ ဆောင်ရွက်ခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက နေပြီးတော့၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် နေ့မှာ တရားစွဲဆိုခဲ့တယ်လို့ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ဖြစ်စဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် သုံးနှစ်တာကာလအတွင်းမှာ အလုပ်ရှင်နှင့်အလုပ်သမားတွေရဲ့ကြားမှာ အကြိမ်ကြိမ်အငြင်းပွားမှု၊ ဆန္ဒ ဖော်ထုတ်မှုတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ညှိနှိုင်းဖြေရှင်းပေးခဲ့တယ်ဆိုပေမယ်လို့ တိကျတဲ့ မူဝါဒမရှိတဲ့အတွက် ခဏတာရေတိုကာလလောက်သာ အဆင်ပြေခဲ့ပါတယ်။ ရေရှည်မှာမပြီးဆုံးနိုင်တဲ့ ပြဿနာအဖြစ်နဲ့ တည်ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အလုပ်သမားတွေဟာဆိုရင် နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးမူဝါဒအရလည်းကောင်း၊ လူမှုဘဝအခြေခံစားဝတ်နေရေးမှာ နေရေးအခက်အခဲအားနည်း ချက်ကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံဝန်ထမ်းအဖြစ်ကနေပြီးတော့ ကုမ္ပဏီ ဝန်ထမ်းဘဝကို ရောက်ခဲ့ကြရပါတယ်။ စက်ရုံစတင်တည်ထောင်စဉ်ကတည်းက နှစ်ပေါင်း ၅၀ နီးပါး သားစဉ်မြေးဆက် နိုင်ငံဝန်ထမ်းအဖြစ် အမှုထမ်းခဲ့ကြခြင်းကို ထောက်ထားစာနာသင့်ပါတယ်။

**မူကြမ်း**

ပုဂ္ဂလိကကို ငှားရမ်းခြင်းမပြုခင်က အမှတ်(၂) အထည်စက်ရုံ(ပလိပ်)ဆိုတာ ကျွန်မတို့ မန္တလေး ဆေးတက္ကသိုလ်ရဲ့ PSM ဘာသာရပ်မှာ မပါမဖြစ်သွားရောက်လေ့လာခဲ့ရတဲ့ စက်ရုံတစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အေးချမ်းလုံခြုံတဲ့ အိမ်ရာတွေမှာနေထိုင်ပြီးတော့ ပျော်ရွှင်နေတဲ့ စက်ရုံဝန်ထမ်း မိသားစုလေးတွေကို အားကျစဖွယ်တွေ့မြင်ခဲ့ရဖူးပါတယ်။ လက်ရှိမှာတော့ အလုပ်သမားတွေဟာ အလုပ်ရှင်ကုမ္ပဏီက သတ်မှတ်ထားတဲ့ အဖိုးအခတွေကို ပေးဆောင်နေရသော်လည်း ပြင်ဆင်ပေးခြင်း မရှိတဲ့ မိုးမလုံ၊ လေမလုံ ပြိုကျလုဖြစ်နေတဲ့အိမ်ရာတွေမှာ နေကြရပါတယ်။ ဒီလို ဘက်ပေါင်းစုံ အဆင်မပြေမှုတွေကြောင့်မို့လို့ အနာဂတ်မဲ့ သလိုခံစားနေရပြီးတော့ သန်းခေါင်ထက်ညဥ့်နက်စရာ မရှိတော့ဘူးဆိုတဲ့စိတ်တွေနဲ့ ဆန္ဒဖော်ထုတ် သပိတ်မှောက်နေကြခြင်းဖြစ်ပါတယ်။ မနက်ဖြန်ဆိုလို့ရှိရင် ရက်ပေါင်း ၁၀၀ ရှိပြီဖြစ်ပါတယ်။ ဒါ့ကြောင့် အလုပ်သမား ၆၀၀ ကျော်နဲ့ ၎င်းတို့ကိုမှီခိုနေတဲ့ မိသားစုဝင် ၃၀၀၀ ခန့်တို့ဟာဆိုရင် စားဝတ်နေရေး၊ ကျန်းမာရေးထိခိုက်မှုတွေ ရှိနေပါပြီ။ ဥက္ကဋ္ဌကြီးရှင့်။ ဒါ့ကြောင့် အလုပ်သမားတွေ အလုပ်ခွင်ပြန်လည်ဝင်ရောက်နိုင်ဖို့နဲ့ အလုပ်ခွင် အာမခံချက်ရရှိဖို့ အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါ တယ်။ အလုပ်ရှင်နှင့်အလုပ်သမားတို့အကြားမှာ တိကျပြတ်သားပြီးတော့ မျှတတဲ့ရေရှည်မှာအဆင်ပြေနိုင်မယ့်အဖြေတစ်ခု ရဖို့လည်းလိုအပ်နေပြီ ဖြစ်ပါတယ်။ ပြည်သူများကလည်း အစိုးရတစ်ရပ် မှန်ကန်မျှတသောဖြေရှင်းနည်းကို မျှော်လင့် စောင့်စားနေကြပါတယ်။ ဒါ့ကြောင့်မို့လို့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ် ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ အမှတ်(၂) အထည်စက်ရုံ (ပလိပ်)တွင် အလုပ်ရှင် Panda Textile Co. Ltd နှင့် အလုပ်သမားများအကြား ကာလရှည်ကြာ မကျေနပ်မှု၊ တင်းမာမှုများကြောင့် ဖြစ်ပွားရသော အလုပ်သမားသပိတ်နှင့်စပ်လျဥ်း၍ အပြီးအပြတ်

ပြေလည်မှုရစေရန် အချိန်ကာလတိကျစွာ သတ်မှတ်၍ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ယခင်အမှတ်(၂)အထည်စက်ရုံ(ပလိပ်)အား ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းလုပ်ကိုင်နိုင်ရေးအတွက် ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် တင်ဒါခေါ်ယူ၍ ဈေးအမြင့်ဆုံးပေးသွင်းခဲ့သည့် Panda Textile Co. Ltd အား တစ်နှစ်ငှားရမ်းခ ၃၆၀ သန်းဖြင့် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၄၃ ရက်အထိ(၁၀+၁၀+၁၀)ဖြင့် နှစ်ရှည်စာချုပ် ချုပ်ဆိုငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆) (မနသ)ဖြင့် နှစ်ရှည်ငှားရမ်းခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။

ယခု Panda Co. Ltd သို့စတင်ငှားရမ်းခဲ့စဉ် ယခင် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)ရှိ အရာထမ်း ၄၄ ဦး၊ အမှုထမ်း ၁၃၂၈ ဦး၊ နေ့စားဝန်ထမ်း ၉၅ ဦး စုစုပေါင်း ၁၄၆၇ ဦးအား စာချုပ်သက်တမ်းစတင်သည့် ၁-၄-၂၀၁၃ ရက်နေ့မှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ ၁-၄-၂၀၁၃ ရက်နေ့မှစ၍ ကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်တာဝန်ထမ်းဆောင်စေခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၁၄၆၇ ဦးအား စက်မှုဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့၏ မူလစာချုပ်အပိုဒ်(၈)နှင့်အပိုဒ်(၉)ပါ နိုင်ငံ့ဝန်ထမ်းအခွင့်အရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ပေးစေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန၏ဖွဲ့စည်းပုံအား နိုင်ငံတော်၏ပြောင်းလဲလာသော စီးပွားရေးမူဝါဒအရ ဦးစီးဌာနနှင့်လုပ်ငန်းများအဖြစ် ဖွဲ့စည်းပုံကိုပြင်ဆင်လျှော့ချနိုင်ရေးဆောင်ရွက်ခဲ့ရသဖြင့် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)အပါအဝင် နှစ်ရှည်ငှားရမ်းထားရှိသည့် စက်ရုံများ၏ ဖွဲ့စည်းပုံကို ပြင်ဆင်လျှော့ချနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)ရှိ ဝန်ထမ်းတစ်ဦးချင်းစီ၏ ဆန္ဒသဘောထားများတောင်းခံပြီး နှစ်ပြည့်ပင်စင်၊ သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်ခံစားလိုသူဝန်ထမ်း ၁၃၄ ဦးနှင့် လျော်ကြေးပင်စင်ခံစားလိုသူဝန်ထမ်း ၉၉၈ ဦးတို့ကို ပင်စင်ခံစားခွင့်ရရှိရေးဆောင်ရွက်ပေးခဲ့ပြီး ကျန်အစိုးရဝန်ထမ်းအဖြစ်ဆက်လက်လုပ်ကိုင်လိုသူဝန်ထမ်း ၂၄၀ ဦးအား ဝန်ကြီးဌာနအတွင်းနှင့် အခြားဝန်ကြီးဌာနများသို့ ပြောင်းရွှေ့နိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ရပါတယ်။ နှစ်ပြည့်ပင်စင်နှင့် လျော်ကြေးပင်စင်ခံစားပြီး ကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်လိုသည့် အငြိမ်းစားဝန်ထမ်း ၉၃၁ ဦးအား ကုမ္ပဏီမှဆက်လက်

ခန့်ထားပေးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းနောက် ၁-၄-၂၀၁၄ ရက်နေ့တွင် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)၏ ဖွဲ့စည်းပုံအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ရပါတယ်။

အမှတ်(၂)အထည်စက်ရုံ(ပလိပ်)အနေဖြင့် စက်ရုံအား ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခဲ့သည့်အချိန်မှစ၍ ယနေ့အထိအလုပ်သမားများ ဆန္ဒပြမှုသုံးကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။ ပထမအကြိမ်အဖြစ် ၁၆-၁-၂၀၁၄ ရက်နေ့မှာ နှစ်ပြည့်ပင်စင်၊ လျော်ကြေးပင်စင်များခံစားပြီး ကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်မည့် အငြိမ်းစားဝန်ထမ်းအလုပ်သမားများအနက် ၁၁၈ ဦးသည် ဖွဲ့စည်းပုံမဖျက်သေးဘဲ ၂၀၁၅ ခုနှစ်အထိ အလုပ်ခန့်ထားပေးရေးကို စက်ရုံဂိတ်ပေါက်တွင် စုပေါင်းဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ အဆိုပါတောင်းဆိုမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် စဉ့်ကိုင်မြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့တို့မှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များအား ၂၂-၁-၂၀၁၄ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်မှတ်တမ်းစာချုပ်(၁/၂၀၁၄)ကို သဘောတူညီချက် ၁၆ ချက်ဖြင့် ယင်းနေ့တွင်ပင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပြီး ဆန္ဒပြအလုပ်သမားများ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပါတယ်။

Panda Textile Co. Ltd သည် စက်ရုံတွင် ကုမ္ပဏီအစီအစဉ်ဖြင့် ခန့်ထားသော အလုပ်သမားများနှင့် နှစ်ပြည့်ပင်စင်၊ လျော်ကြေးပင်စင်ခံစားပြီး ကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်လိုသည့် အငြိမ်းစားဝန်ထမ်းများအား အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ၂၂-၁၂-၂၀၁၄ ရက်နေ့တွင် Employment Contract -EC စာချုပ်ချုပ်ဆိုကြရန်နှင့် EC စာချုပ်ချုပ်ဆိုပြီးမှသာ အလုပ်ဝင်ရောက်ရန် ကြေငြာခဲ့သဖြင့် ကုမ္ပဏီအစီအစဉ်ဖြင့် ခန့်ထားသည့် အလုပ်သမားများနှင့် အငြိမ်းစားဝန်ထမ်းအလုပ်သမား ၂၆၈ ဦးတို့သည် EC စာချုပ်ချုပ်ဆို၍ တရားဝင် အလုပ်ဝင်ရောက်ခဲ့ပြီး အငြိမ်းစားဝန်ထမ်းလုပ်သား ၇၉၁ ဦးသည် EC စာချုပ်ချုပ်ဆိုခြင်းမပြုဘဲ စက်ရုံအတွင်း ငါးကန်ဂိတ်ဝ၌ ဒုတိယအကြိမ်ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ ထိုနေ့တွင် စတင်ဖြစ်ပွားခဲ့တဲ့ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် စဉ့်ကိုင်မြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့တို့နှင့် ညှိနှိုင်းဖြန်ဖြေပေးခဲ့ရာ ၄-၃-၂၀၁၅ ရက်နေ့

တွင် နှစ်ဦးနှစ်ဖက် မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ အမှုအမှတ်(၁/၂၀၁၅)ဖြင့် သဘောတူညီချက်(၁၅) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ထို့နောက် ဆန္ဒပြအငြိမ်းစားဝန်ထမ်း အလုပ်သမား ၇၅၀ ဦးသည် EC စာချုပ်ချုပ်ဆို၍ လုပ်ငန်းခွင်သို့ တစ်ဖန်ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့ကြပါတယ်။

Panda Textile Co. Ltd အနေဖြင့် ဆန္ဒပြအငြိမ်းစားဝန်ထမ်း အလုပ်သမား ၇၅၀ ဦးနှင့် ချုပ်ဆိုထားခဲ့သည့် EC စာချုပ်ပါအတိုင်း တစ်နှစ်ကျော်လိုက်နာဆောင်ရွက်ခဲ့ရာမှ အလုပ်ရှင်မှ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် အပိုဒ်(၇)ပါအတိုင်း တတိယဆိုင်း(ကြားဆိုင်း)ကို စနေ၊ တနင်္ဂနွေနေ့တွင် အလုပ်သမားများ နားရက်အဖြစ် သတ်မှတ်ထားသော်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှ စ၍ တတိယဆိုင်း(ကြားဆိုင်း)အား စနေ့နေ့ည ၁၁း၀၀ နာရီမှ တနင်္ဂနွေနေ့ နံနက် ၇း၀၀ နာရီအထိ အလုပ်သမားများ အလုပ်ဆင်းရန် ပြင်ဆင်သတ်မှတ်ကြေငြာခဲ့ပြီး အလုပ်ဆင်းခိုင်းစေခဲ့ရာ အလုပ်သမားများက အလုပ်မဆင်းကြသဖြင့် ၂-၄-၂၀၁၆ ရက်နေ့၊ ၉-၄-၂၀၁၆ ရက်နေ့နှင့် ၂၃-၄-၂၀၁၆ ရက်နေ့တို့အတွက် သုံးရက်စာ လစာဖြတ်တောက်ခံခဲ့ရတဲ့အတွက် အငြိမ်းစားဝန်ထမ်းအလုပ်သမား ၈၀ ဦးခန့်က စက်ရုံဂိတ်ပေါက်တွင် ၃-၆-၂၀၁၆ ရက်နေ့မှစ၍ တတိယအကြိမ် ဆန္ဒဖော်ထုတ်ခဲ့ရာ ယနေ့အချိန်ထိ ဆန္ဒဖော်ထုတ်နေဆဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန္ဒပြအငြိမ်းစားပြင်ပဝန်ထမ်းများ၏ ဆန္ဒပြတောင်းဆိုချက်ငါးချက်နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကုမ္ပဏီအား EC စာချုပ်ဖောက်ဖျက်မှုအရ တရားစွဲဆိုဆောင်ရွက်လျက်ရှိပြီး ဆန္ဒပြအငြိမ်းစားဝန်ထမ်းများ၊ အလုပ်သမားများလုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ဝင်ရောက်ခြင်းမရှိဘဲ ထပ်မံ၍မူလစာချုပ်အပိုဒ်(၈) နှင့်အပိုဒ်(၉)ပါ နိုင်ငံ့ဝန်ထမ်းအခွင့်အရေးများနှင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက် မှတ်တမ်းစာချုပ်(၁/၂၀၁၄)ပါအတိုင်း တောင်းဆိုနေခြင်းဖြစ်သဖြင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်ပြီးပြတ်မှုမရရှိခြင်း ဖြစ်ပါတယ်။

အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်နှစ်ဦး မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် Panda Textile Co. Ltd မှတာဝန်ရှိသူများနှင့် ဆန္ဒပြုအလုပ်သမားကိုယ်စားလှယ် ၃၀ ဦးတို့ဖြင့် ၉-၇-၂၀၁၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ယခင်

(တယက)ရုံးဟောင်းကလည်းကောင်း၊ စက်မှုဝန်ကြီးဌာနအမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူများသည် ဆန္ဒပြအလုပ်သမားကိုယ်စားလှယ် ၁၀ ဦးနှင့် ၁၃-၇-၂၀၁၆ ရက်နေ့တွင် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရုံးချုပ်၌လည်းကောင်း၊ ၂၈-၇-၂၀၁၆ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူများသည် Panda Textile Co. Ltd မှ တာဝန်ရှိသူများနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရုံးချုပ်၌လည်းကောင်း စုစုပေါင်း သုံးကြိမ်တိတိတွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ထို့အပြင် ၂၆-၈-၂၀၁၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်နှစ်ဦးတို့သည် Panda Textile Co. Ltd မှ တာဝန်ရှိသူများနှင့် အလုပ်သမားကိုယ်စားလှယ် ၃၀ ဦးတို့အား မန္တလေးတိုင်းဒေသကြီး ယခင်(တယက) ရုံးဟောင်း၌လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် အလုပ်သမားကိုယ်စားလှယ် ၃၀ ဦးတို့အား ကျောက်ပြားစက်ရုံ(မန္တလေး) အစည်းအဝေးခန်းမ၌လည်းကောင်း ထပ်မံတွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါသော်လည်း ပြီးပြတ်ပြေလည်မှုမရရှိခဲ့ပါဘူး။

အလုပ်ရှင်နှင့်အလုပ်သမားများ တွေ့ဆုံညှိနှိုင်းဆွေးနွေးဖြန်ဖြေရာမှာ အလုပ်သမားများအနေဖြင့်စက်မှုဝန်ကြီးဌာနနှင့် Panda ကုမ္ပဏီသို့ ချုပ်ဆိုခဲ့သည့် မူလစာချုပ်အပိုဒ် ၈ နှင့် အပိုဒ် ၉ ပါ အခွင့်အရေးများကို ပြန်လည်ရရှိရန်နှင့်အလုပ်ထုတ်ခံထားရသည့် အလုပ်သမား ၂၂ ဦးအား အလုပ်ပြန်လည်ခန့် ထားရန်တို့ကိုသာ တောင်းဆိုနေခြင်းဖြစ်ပြီး မူလစာချုပ်အပိုဒ် ၈ နှင့် အပိုဒ် ၉ ပါ အခွင့်အရေးများ တောင်းဆိုနေခြင်းသည် နိုင်ငံ့ဝန်ထမ်းများမဟုတ်တော့သည့်အတွက် ဆောင်ရွက်ပေး၍ မရနိုင်ကြောင်းကို သိရှိနားလည်သော်လည်း နှစ်ရှည်ငှားရမ်းစက်ရုံများသို့ လွှဲပြောင်းပေးသည့် နိုင်ငံ့ဝန်ထမ်းများအား လျော်ကြေးပင်စင်၊ နှစ်ပြည့်ပင်စင်နှင့်ကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်သူများအား အသက်(၆၀)နှစ်ပြည့်သည်အထိအလုပ်ခွင်တည်မြဲရေး၊ အိမ်ယာနေထိုင်ခွင့် အာမခံချက်ရရှိရေး၊ လက်ရှိအစိုးရဝန်ထမ်းများ၏ ရာထူးအနွယ်နှင့် လစာအဆင့်အတိုင်း လစာတိုးမြှင့်ပါက လုပ်ခလစာအား တိုးမြှင့်ပေးရေး၊ အစိုးရဝန်ထမ်းများနည်းတူ အလုပ်ပိတ်ရက်ခံစားခွင့်ရရှိရေး ကိစ္စများအား မူဝါဒတောင်းခံပေးရန်နှင့် မူဝါဒ ချမှတ်သည်အထိ စောင့်ဆိုင်းနေကြမည်ဖြစ်ကြောင်း ဆန္ဒပြအလုပ်သမား ကိုယ်စားလှယ်များက အကြိမ်ကြိမ် တောင်းဆိုနေခြင်းဖြစ်ပြီး အလုပ်ရှင်ဘက်

မှလည်း အလုပ်ထုတ်ခံရသည့်အလုပ်သမားများကို ပြန်လည်ခန့်ထားခြင်းမပြုနိုင်ကြောင်း၊ အလုပ်သမားများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးမည်မဟုတ်ဘဲ တည်ဆဲအလုပ်သမားဥပဒေအတိုင်းသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသဖြင့် ပြဿနာအား ပြေလည်စေလိုသည့်ဆန္ဒဖြင့် အပြန်အလှန်ဆွေးနွေးခြင်းပြုလုပ်ရမည့်အစား အလုပ်ရှင်နှင့်အလုပ်သမား ယခင်ကဖြစ်ပေါ်ခဲ့သော အခြေအနေများကိုသာ အပြန်အလှန်ထောက်ပြနေကြပြီး တစ်ဖက်၏တင်ပြချက်ကို အခြားတစ်ဖက်က ဆန့်ကျင်သည့်သဘော ဆွေးနွေးနေကြသဖြင့် ပြေလည်ပြီးပြတ်မှုမရရှိဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့်လည်း အထူးကုန်သွယ်ခွင့်(GSP) ရရှိရန် နီးစပ်နေပြီဖြစ်ပြီး အဆိုပါအခွင့်အရေးရရှိလာပါက နိုင်ငံတကာသို့ အခွန်ကင်းလွတ်မှုဖြင့် ပေးပို့နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများလာရောက်ဆွေးနွေးရာတွင်လည်း အလုပ်ရှင်များကို မည်သို့ကာကွယ်ပေးမည်ဆိုသည့်အချက်နှင့် အလုပ်သမားပြဿနာများကို ကိုင်တွယ်ဖြေရှင်းမှုနှင့်စပ်လျဉ်း၍ ဥပဒေများသည် မည်မျှခိုင်မာမှုရှိသည်ဆိုသည်မှာ ဦးစားပေးမေးမြန်းရမည့်အချက်အလက်အဖြစ် ကြုံတွေ့နေရပါတယ်။ အလုပ်သမားရေးရာနှင့်ပတ်သက်၍ နိုင်ငံတကာတွင်နိုင်ငံအလိုက် လူမှုရေး၊ ပထဝီအနေအထားအလိုက် ရာနှုန်းပြည့် တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီနိုင်သဖြင့် အလေ့အကျင့်များသည် မြန်မာနိုင်ငံတွင် ကျင့်သုံးနေမှုများသည် မူဝါဒများနှင့်ကိုက်ညီမှုမရှိနိုင်ပါဘူး။ ဂျပန်နိုင်ငံကဲ့သို့သော အခြား နိုင်ငံများတွင် အလုပ်သမားများ၏ ၅၀ ရာခိုင်နှုန်းသဘောတူပါက အားလုံးသဘောတူသည်ဟု မှတ်ယူပြီး၊ မိမိနိုင်ငံတွင် ၇၀ ရာခိုင်နှုန်းက သဘောတူသော်လည်း ၃၀ ရာခိုင်နှုန်းက သဘောမတူညီ၍ ပြဿနာများဆက်လက်ဖြစ်ပွားနေရကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ယနေ့အချိန်သည် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်တစားဖြင့် လာရောက်လျက်ရှိနေပါသဖြင့် ယနေ့ပေါ်ပေါက်လျက်ရှိသော အလုပ်သမားပြဿနာများအား ဖြစ်ရိုးဖြစ်စဉ်ဆိုသည်ကို လက်ခံနိုင်ပါသော်လည်း သာမန်ဖြစ်ရိုးဖြစ်စဉ်များထက်ကျော်လွန်၍ ယနေ့ ဖြစ်ပွားနေသည့် ပြဿနာများသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနများအပေါ်တွင် စိန်ခေါ်မှုအဖြစ် သုံးသပ်တွေ့ရှိနေရပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ အမှတ်(၂)အထည်စက်ရုံ(ပလိပ်)တွင် အလုပ်ရှင် Panda Textile Co., Ltd နှင့် ဆန္ဒပြအလုပ်သမားတို့အကြား ကာလရှည်ကြာမကျေနပ်မှု၊ တင်းမာမှုများကြောင့် ဖြစ်ပွားရသော အလုပ်သမားသပိတ်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေး မှုများ

**မူကြမ်း**

ဆောင်ရွက်ပေးခဲ့သော်လည်း ဆန္ဒပြအလုပ်သမား၏ တောင်းဆိုချက်များသည် တည်ဆဲဥပဒေ များနှင့် ညီညွတ်မှသာ ဥပဒေအရအလုပ်ရှင်မှ လိုက်နာဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အလုပ်ရှင်အနေဖြင့်လည်း ချုပ်ဆိုထားသည့် EC စာချုပ်ပါအတိုင်းဆောင်ရွက်မှသာ အလုပ်ရှင်၊ အလုပ်သမားများ အကြားပြီးပြတ် ပြေလည်မှုရရှိစေနိုင်မှာဖြစ်ပါတယ်။ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွား မပြေလည်မှုများတွင် ဆန္ဒပြအလုပ်သမားများသည် နိုင်ငံ့ဝန်ထမ်းများမဟုတ်တော့သည့်အတွက် ၉-၃-၂၀၁၅ ရက်နေ့မှစ၍ ၁၁-၃-၂၀၁၅ ရက်နေ့အထိအတွင်း အလုပ်ရှင်၊ အလုပ်သမား နောက်ဆုံး သဘောတူညီလက်မှတ်ရေးထိုးထားသည့် EC စာချုပ်ပါအချက်များ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့် ပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများအတိုင်းသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ကြည်မိုမိုလွင်(စဥ့်ကိုင်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေသွားတာတွေအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပါသွားတဲ့အထဲမှာ ကျွန်မက ဒါကြောင့်မို့လို့ မေးခွန်းထဲမှာ သေချာထည့်မေးထားတာရှိပါတယ်။ အပြီးအပြတ်ပြေလည်မှုရစေရန်နှင့် အချိန်ကာလတိကျစွာဆိုတာ အကြောင်းရှိပါတယ်ရှင့်။ ချမ်းသာတဲ့သူဌေးတွေအတွက် ဒီလိုရက်ရှည်ဒုက္ခရောက်နေတာဟာ ဆင်ပိန်ကျွဲလောက်ပဲရှိပါတယ်။ ကျွန်မရဲ့အလုပ်သမားတွေဟာ အခု ကျန်းမာရေးတွေ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေလည်း ထိခိုက်နေပါပြီ။ တကယ်တော့ သူတို့ဘက်က တကယ်နစ်နာခဲ့တယ်။ စပြီးတော့စာချုပ်ချုပ်ကတည်းကိုက ပွင့်လင်းမြင်သာမှုမရှိခဲ့ပါဘူး။ ၂၀၁၃ ခုနှစ်တုန်းက လွှဲပေမယ့် သူတို့ဟာဆိုရင် စာချုပ်ပါ သူတို့ရဲ့အခွင့်အရေး၊ အချက်အလက်တွေကို ၂၀၁၄ ဆန္ဒပြမှပဲ သူတို့သိခဲ့ကြရတာဖြစ်ပါတယ်။ အစကတည်းက ပွင့်လင်းမြင်သာမှုမရှိခဲ့တာပါ။ နောက်တစ်ခု လျော်ကြေးပင်စင်တွေ ပေးပြီးပြီလို့လည်း ပြောပါတယ်။ လျော်ကြေးပင်စင်တွေယူခဲ့ရတုန်းကဆိုလို့ရှိရင် ဒီသက်ဆိုင်ရာစက်မှုဝန်ကြီးဌာနက လူကြီးတွေဟာဆိုရင် ကျွန်မတို့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခွင့်အရေးအတိုင်းပဲရမှာပါ။ နှစ်သီးစားရမှာပါဆိုတဲ့ အာမခံမှုတွေကြောင့်မို့လို့ ဝန်ထမ်းတွေဟာ မယူချင်ဘဲနဲ့ယူခဲ့ကြတာပါ။ စက်ရုံဝန်ထမ်းဆိုတာ တခြားဝန်ထမ်းတွေနဲ့မတူပါဘူး။ သူတို့ဟာဆိုလို့ရှိရင် နေစရာအိမ်လေးကို ဖက်တွယ်တဲ့အတွက်ကြောင့် သူတို့ရဲ့သားစဉ်မြေးဆက် ဒီစက်ရုံထဲမှာ တစ်ဦးမဟုတ်တစ်ဦးကို အလုပ်သွင်းထားတာဟာ သူတို့ ဒီအိမ်ရာလေးကို မက်မောလို့ပါ။ လစာကမစားလောက်ဖူးဆိုတာ ဝန်ထမ်းတိုင်းသိပါတယ်။ အဲဒီတော့ သူတို့မိသားစုတွေက ဒီပတ်ဝန်းကျင်မှာ အခြားစီးပွားရေးလုပ်ငန်းလေးတွေကိုလုပ်ပြီးတော့ နေခဲ့

ကြတာပါ။ စက်ရုံဝန်ထမ်းနဲ့တခြားဝန်ထမ်းတွေနဲ့ မတူတဲ့အကြောင်းအရင်းပါ။ ပြီးရင် သဘောဆန္ဒကောက်ခံခဲ့တယ်လို့ပြောတော့လည်း ကျွန်မတို့တွေ တကယ့်ဒီအလုပ်သမားတွေဟာ ဝန်ထမ်းအဖြစ်ကိုပဲနေချင်ကြပါတယ်။ သူတို့သဘောဆန္ဒမဟုတ်ပါဘူး။ တကယ်ကျတော့ ဇတ်လို့၊ မပြောင်းနိုင်လို့သာဆက်လုပ်ကြခြင်းဖြစ်ပါတယ်။ ပြီးရင် အဲဒီတုန်းကပြောခဲ့တာတွေရှိပါတယ် ဝန်ကြီးဌာနအနေနဲ့။ ကျွန်မသိခဲ့ပါတယ်။ ဒီမှာ နေအိမ်လေးကို ဖက်တွယ်နေတဲ့မိသားစုလေးတွေ ပညာရေး၊ ကျန်းမာရေးဒုက္ခရောက်အောင် ပြောခဲ့တဲ့စကားလုံးတွေမှာ ဘူးသီးတောင်၊ မောင်တောပို့မလို၊ ပူတာအိုပို့မလိုဆိုတဲ့ပုံစံမျိုးတွေနဲ့လုပ်ခဲ့တော့ ဝန်ထမ်းတွေဟာ ကြောက်ရွံ့စွာနဲ့ လျော်ကြေးပင်စင်ယူပြီးတော့ လိုက်နာခဲ့ကြရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာကတော့ အခု ဥပဒေအတိုင်းလုပ်မယ်လို့လည်း ပြောတဲ့အတွက်ကြောင့်မို့လို့ မေးခွန်းလေးမေးခွင့်ပြုပါ။ စက်မှုဝန်ကြီးဌာန အခု Panda စက်ရုံဆိုလို့ရှိရင် ဒီစွန့်ပစ်ရေတွေကို စည်းကမ်းမဲ့စွာနဲ့ ချွန်းချွန်းကျချောင်းကနေတစ်ဆင့် ဒုဋ္ဌဝတီမြစ်ထဲကို စွန့်ပစ်နေကြောင်းလည်း တိုင်ကြားထားတာသိရပါတယ်။ အဲဒီတော့ Panda ကုမ္ပဏီနဲ့ စက်မှုဝန်ကြီးဌာနရဲ့ မူလစာချုပ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စ ဆိုတဲ့ခေါင်းစဉ်အောက်မှာ ရေထု၊ မြေထုနဲ့လေထုတွေကို ညစ်ညမ်းအောင်မပြုရဆိုတဲ့အချက် ပါပါတယ်။

ပြီးရင် နောက်တစ်ခု စာချုပ်ရပ်စဲခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာလည်း စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ရင် စာချုပ်ရပ်စဲနိုင်သည်ဆိုတာလည်း ပါပါတယ်။ အဲဒီတော့ ကျွန်မ တို့ ဒီလို တကယ်လို့ပေါ့ ဒီဟာတွေမှန်ကန်ခဲ့မယ်ဆိုရင်၊ စစ်ဆေးတွေ့ရှိခဲ့မယ်ဆိုရင်ရော စာချုပ်ရပ်စဲရန် အစီအစဉ်ရှိ/မရှိ။ နောက်တစ်ခုကတော့ ကျွန်မတို့ အစိုးရဆိုတာ နိုင်ငံသူနိုင်ငံသားတွေကို ရင်ဝယ်သားကဲ့သို့ သဘောထားရပါမယ်။ အကြောင်းကြောင်းကြောင့်မို့လို့ နိုင်ငံတော်မူဝါဒအရဖြစ်ဖြစ် ဆက်လက်ပြီးတော့ မပြုစု၊ မပျိုးထောင်နိုင်တော့ဘူးဆိုရင် ကောင်းမွန်သောမွေးစားမိဘကို ရွေးချယ်မွေးစားစေရမှာပါ။ ကျွန်မတို့ အခု နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒအရဆိုရင် ပုဂ္ဂလိကကိုလွှဲပြောင်းတာ အချက်နှစ်ချက်ရှိပါတယ်။ (၁)က နိုင်ငံတော်အကျိုးရှိဖို့ပါ၊ (၂)က ဒေသခံပြည်သူတွေ အလုပ်အကိုင် ရရှိ။

**ဥက္ကဋ္ဌ**။ ။ဝန်ကြီးဖြေကြားတာနဲ့ပတ်သက်ပြီး ဆက်စပ်တာပဲမေးပါ။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ အဲဒါကြောင့်မို့လို့ အခု အလုပ်သမားတွေအတွက်ရော ဘယ်လိုဆက်ပြီးတော့ ဆောင်ရွက်ပေးမလဲသိချင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ ဆက်စပ်မေးခွန်းကိုပဲဖြေကြားပေးပါ။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါ။ ယခင်က အလုပ်သမားများနဲ့သဘောတူညီ ချက်ရရှိခဲ့သော Power Point ဖြစ်ပါလိမ့်မယ်။ ဒီ Power Point မှာ သဘောတူညီချက်တွေ(၁၆)ချက် ရှိခဲ့ပါတယ်။ သဘောတူညီချက်ကို ကျွန်တော်တင်ပြပါမယ်ခင်ဗျား။ နောက်ဆုံးသဘောတူညီချက်က (၁၆)ချက်ရှိပါတယ်။ အပိုဒ် ၇ နှင့် ၈ မှာ ဒီအလုပ်သမားတွေသည် သာမန်အစိုးရဝန်ထမ်းကဲ့သို့သာ သူတို့က ရပိုင်ခွင့်များရရှိလိုခြင်းဖြစ်ပြီး ပြင်ပဝန်ထမ်းအဖြစ် ရယူလိုခြင်းမရှိကြပါဘူး။ အဓိကကွာခြားချက်ကတော့ အလုပ်ချိန်ကွာခြားမှုဖြစ်ပါတယ်။ အလုပ်ချိန်သည် ကျွန်တော်တို့ နိုင်ငံတကာစံချိန် သတ်မှတ်ထားတဲ့အတိုင်း တစ်ပတ်လျှင်ရက်ပေါင်းငါးရက် သူတို့ကသတ်မှတ်ထားခဲ့ပါတယ် ယခင်က။ တစ်နေ့ကို ရှစ်နာရီနဲ့ နာရီ ၄၀ လုပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ တစ်ခါ ဒီစနေနေ့ကို ယခင်ကတော့ ကျွန်တော်တို့အလုပ်ချိန်အဖြစ် ပိတ်ထားပေးပြီးတော့ ယခင်ယခင့်က နေ့တစ်ဝက်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ယခု Panda ကိစ္စမှာတော့ ဖြစ်ပျက်နေတာသည် နာရီ ၄၀ ဖြစ်သော်လည်း သူက အဆိုင်းသုံးဆိုင်း အနည်းဆုံးလည်ပတ်နေပြီးတော့ သူ့မှာရှိသော အလုပ်သမားအုပ်စုလေးစု သီးခြားခွဲထားပါတယ်။ အုပ်စုလေးစုကို တစ်လှည့်စီလှည့်ပြီး ကျရာအလှည့်မှာ စနေ၊ တနင်္ဂနွေ ကျတဲ့အလှည့်ကို တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ ဒီတာဝန်ပေးအပ်တဲ့အတွက်လည်း ဝန်ထမ်းများအနေနဲ့ စနေ၊ တနင်္ဂနွေကို လွတ်လပ်ခွင့်မရရှိဘဲ အနားရရှိမှုမရှိတဲ့အတွက် သူတို့အနေနဲ့ မဆင်းလိုကြပါဘူး။ မဆင်းလိုတဲ့အတွက် မဆင်းတဲ့အတွက်လည်း ဒီသပိတ်တွေ စတင်ဖြစ်ပေါ်ခြင်းဖြစ်ပါတယ်။ အဲဒီနေ့တွေ ရက်လေးရက်အတွက် ပြန်လည်ပြီးတော့ လစာငွေကိုဖြတ်တောက်တဲ့အတွက် ဝန်ထမ်းတွေမခံမရပ်နိုင်ဖြစ်ပြီးတော့ ဒါကို ကျွန်တော်တို့ နောက်ပိုင်းမှာ ပြန်လည်ပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ပိုင်ရှင်အနေနဲ့ ပြန်လည်ပေးလျော်ရမှာဖြစ်ပါတယ်။

သို့သော် နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝန်ထမ်းများမှာ ဆက်လက်ရပ်တည်နေလိုသောအုပ်စုတစ်စု ရှိပါတယ်။ ကုမ္ပဏီဝန်ထမ်းများအဖြစ် နိုင်ငံတော်မှ လျော်ကြေးပင်စင်၊ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင် စသည်ဖြင့်ခံစားပြီးတော့ ပြောင်းရွှေ့သွားလိုသောသူများ အုပ်စုတစ်စုရှိပါတယ်။ ကျန်တစ်စုကတော့ အငြိမ်းအပိုင်အငြိမ်းစားယူသွားပြီးတော့ ဘယ်မှာမှအလုပ်မလုပ်မယ့်သူတစ်စုရှိပါတယ်။ ယခုပြဿနာဖြစ်နေတာသည် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်လုပ်ဆောင်လိုပြီးတော့ ယင်းအချက်အလက်

**မူကြမ်း**

တွေကို ပြည်သူ့ဝန်ထမ်းအဖြစ်၊ နိုင်ငံ့ဝန်ထမ်းအဖြစ် အပြည့်အဝခံစားလိုသောဆန္ဒကြောင့်သာလျှင် ယခုထက်ထိဆန္ဒပြနေကြခြင်းဖြစ်ပါတယ်။ ဒီလိုနေရာမှာ ကျွန်တော်တို့တင်ပြရရင် နိုင်ငံတော်အနေနဲ့ ဝန်ထမ်းတွေဘက်ရပ်တည်ပြီးတော့ ဝန်ထမ်းရပိုင်ခွင့်များကို အပြည့်အဝပေးအပ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ ပုဂ္ဂလိကကိုလွှဲပြောင်းပေးတဲ့စက်ရုံတွေကိုလည်း သူ့ရဲ့ရပိုင်ခွင့်၊ လုပ်သားတွေရဲ့ရပိုင်ခွင့် အကုန်လုံးကို CSR အားလုံးအပြည့်အဝလိုက်နာပေးရမယ်လို့ စာချုပ်လည်းချုပ်ဆိုထားပါတယ်။ ဒီ လက်ရှိ ကျွန်တော်တို့ချုပ်ဆိုထားခဲ့သော Employment Certificate ကလည်း ဒီအတိုင်းပဲ ချုပ်ဆို ထားပါတယ်။ ချုပ်ဆိုထားသော်လည်း ဒီလိုချုပ်ဆိုထားတဲ့အတိုင်းမှာ အတိအကျလိုက်နာခြင်း ကုမ္ပဏီ ဘက်က ပျက်ကွက်မှုတွေရှိခဲ့ပါတယ်။ အဲဒီတော့ ဒီလိုပျက်ကွက်မှုတွေကို ကျွန်တော်တို့အရေးယူဖို့ လည်းရှိပါတယ်။ ဒီလိုအရေးယူတဲ့အခါမှာ ဒီစက်ရုံသည် ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနတစ်ခုတည်း မှာရှိသော စက်ရုံတစ်ခုရဲ့ပြဿနာ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာ အခြားအခြားသောဝန်ကြီးဌာန တွေမှာလည်း အလားတူ ငှားရမ်းထားသောစက်ရုံများရှိတဲ့အတွက် ၎င်းတို့မှာလည်း ထိုနည်းအတူ ဒီပြဿနာ များရှိနေကြောင်းသိရှိရပါတယ်။ ဒီလိုပြဿနာတွေဖြေရှင်းဖို့က ကျွန်တော်တို့နိုင်ငံတော် အနေနဲ့ ခိုင်မာသောမူဝါဒတစ်ခုချမှတ်ပြီးတော့ အဲဒီမူအတိုင်းသာလျှင် ဥပဒေတစ်ရပ်ကဲ့သို့အာဏာ တည်တဲ့အမိန့်နဲ့ ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုချက်ရယူပြီး လိုအပ်သောအရေးယူ ဆောင်ရွက်မှုမျိုး၊ အခွင့်အရေးပေးမှုမျိုးများကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ယခုဖြစ်ပေါ်နေသော Panda သပိတ်မှောက်မှုသည် အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်သမားဝန်ကြီးဌာနကအပါအဝင် EC စာချုပ်ချုပ်ဆိုပြီးတော့ အားလုံးသဘောတူညီစာချုပ် ချုပ်ဆိုထားခဲ့သော်လည်း ဒီစာချုပ်အရ လိုက်နာမှု၊ ပျက်ကွက်မှုမရှိတဲ့အပိုင်းတွေ တွေ့ရှိရတဲ့အတွက် နှစ်ဦးနှစ်ဖက်လုံးမှာ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်စွပ်စွဲနေကြပြီးတော့ ဒီစွပ်စွဲမှုကြောင့်သာလျှင် ဒီလုပ်ငန်းကြီးဟာ ယခု ထက်ထိ ဆက်လက်ပြီးဆန္ဒပြနေခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ခုတင်ပြရရင် ဒီအလုပ်သမားတွေ ၅၀၀ ကျော်တစ်ဖွဲ့စီ ဆန္ဒပြနေသော်လည်း နောက်ထပ် ၅၀၀ ကျော် ၆၀၀ နီးပါးသည် ပြင်ပမှာ ဆန္ဒပြနေကြပါတယ်။ အလုပ်လုပ်နေကြတဲ့သူတွေ သည် ဒီလက်ရှိ အပြင်မှာဆန္ဒပြနေသူများ ပြန်ဝင်လာမှာကိုတောင်မှ စိုးရိမ်နေကြတဲ့သဘော ရှိပါတယ်။ အလုပ်ရှင်ဘက်ကကြည့်ပြန်ရင်လည်း အလုပ်အတွင်းဝင်ပြီးတော့ အလုပ်ရုံထဲမှာ အလုပ်လုပ်နေတဲ့ လူများသည် တကယ် အမှန်တကယ် အပင်ပန်းခံ ဆောင်ရွက်နေကြတဲ့သူများဖြစ်တဲ့အတွက် သူတို့ သည် ပိုမို၍ Efficiency ပိုမိုကောင်းပြီးတော့ ထုတ်လုပ်မှုမှာထိရောက်မှုရှိနေတာ တွေ့ရှိရပြီးတော့

ယခင် ၆၀၀ ကျော်ပိုနေတာသည် သူတို့အတွက် အကျိုးသိပ်မပေးဘူးလို့ သူတို့အမြင်ရှိပါတယ်။ သုံးသပ်မှုရှိနေပါတယ်။ ဒီလိုကြောင့် ယခုလက်ရှိအခြေအနေမှာ အတွင်းမှာရှိသောအုပ်စုနှင့် အပြင်မှာရှိသောအုပ်စုနှစ်စုသည် နှစ်ဦးနှစ်ဖွဲ့ကွဲနေကြပြီးတော့ ဒီနှစ်ခုသည် တစ်ယောက်နှင့်တစ်ယောက် ပြေလည်မှုမရှိသေးဘဲနဲ့ အပြင်ရောက်ရှိနေသော ဆန္ဒပြနေသူအုပ်စုများ စက်ရုံထဲပြန်ဝင်လာမှာကို စိုးရိမ်ကြောင့်ကြရှိနေကြပါတယ်။ ဒီဟာတွေကို ပြန်လည်ဖြေရှင်းပေးနိုင်ဖို့ကတော့ တိကျသောမူဝါဒချမှတ်ပြီးတော့ ဒီအလုပ်သမားသပိတ်ကို အမြန်ဆုံးရပ်ဆိုင်းဖို့ပဲဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့ ခိုင်မာသောဥပဒေကဲ့သို့တည်မြဲမည့် မူဝါဒတစ်ခုချမှတ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်မြို့နယ်ရှိ နဝဒေးစက်မှုဇုန်တွင် မြေကွက်များရယူထားပြီး စက်မှုလုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်ခြင်းမရှိသော မြေကွက်များကို အစိုးရအဖွဲ့မှ မြေကွက်များချထားပေးစဉ်က ပါရှိသည့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီး ပြန်လည်သိမ်းယူ၍ အမှန်တကယ် စက်ရုံအလုပ်ရုံများအဖြစ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား ပြန်လည်စိစစ်ချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ပါ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်မ ယနေ့မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် နဝဒေးစက်မှုဇုန်မှာရှိတဲ့ စက်မှုမြေအတွက် ချထားတဲ့မြေကွက်တွေမှာ စက်မှုလုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်ခြင်းမရှိတဲ့ မြေကွက်တွေကို အစိုးရအဖွဲ့ကနေပြီးတော့ ဒီမြေကွက်တွေချထားတဲ့အချိန်က သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီး ပြန်လည်ရယူမယ်။ ပြီးရင် အမှန်တကယ် စက်ရုံအလုပ်ရုံအဖြစ် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုတဲ့သူတွေကို စိစစ်ပြီးတော့ ချထားပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ ယခုအချိန် နိုင်ငံရေးရဲ့အခြေအနေတွေဟာလည်း ပြောင်းလဲတည်ငြိမ်လာပါပြီ။ မကြာခင်မှာလည်း ငြိမ်ချမ်းရေးဟာ ရာနှုန်းပြည့်ရရှိလာတော့မှာဖြစ်ပါတယ်။ ဒါအတွက် ပြည်တွင်းပြည်ပမှာရှိတဲ့ ရင်းနှီးမြှုပ်နှံလိုတဲ့သူတွေဟာ ကျွန်မတို့နိုင်ငံကို များစွာစိတ်ဝင်စားပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံတဲ့သူတွေလည်း တိုးတက်လာပါတယ်။ သို့သော်လည်းပဲ မျှော်လင့်ထားသလောက် လာရောက်ရင်းနှီးမြှုပ်နှံမှုမရှိတဲ့အခြေခံအချက်တွေထဲမှာ အဓိကအချက်ဖြစ်တဲ့ မြေယာရှားပါးမှုဟာလည်း တစ်ချက်အပါအဝင်ဖြစ်နေတာကို တွေ့နိုင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ကျွန်မရဲ့ ပြည်မြို့နယ်ဟာဆိုလို့ရှိရင် နိုင်ငံရဲ့ဗဟိုအချက်အခြာနေရာမှာရှိပါတယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့နှင့်လည်း ကျွန်မတို့ဟာ ကားလမ်း၊ ရထားလမ်း၊ ရေလမ်းတွေနဲ့ အလွယ်တကူဆက်သွယ်နိုင်တဲ့မြို့ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ဌာနဆိုင်ရာအဆောက်အအုံများ၊ ဌာနဆိုင်ရာများ ရုံးစိုက်တဲ့နေပြည်တော်နှင့်လည်း ငါးနာရီ၊ ခြောက်နာရီလောက် ခရီးလမ်းသုံးလမ်းလောက်ပေါက်တဲ့မြို့ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်တစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ်ကို ပြည်မကနေ ထွက်ပေါက် ကုန်းလမ်းထွက်ပေါက်ဟာလည်း ကျွန်မတို့ရဲ့ ပြည်မြို့နယ်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တွေ၊ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ မြို့တွေရော၊ အနောက်ဘက်ကမ်းမှာရှိတဲ့ မြို့တွေရော၊ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ မြို့တွေရော ကျွန်မတို့ဟာ အလွယ်တကူဆက်သွယ်နိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တယ်။ ပြီးတော့ ကုန်စည်စီးဆင်းမှုအတွက် လွယ်ကူတဲ့မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့မြို့ဟာ စက်မှုကုန်ကြမ်းသီးနှံတွေဖြစ်တဲ့ စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ကြံ၊ ဝါ အစရှိတဲ့ဟာတွေဟာ အမှန်တကယ်များပြားစွာ ထွက်ရှိတဲ့တိုင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့မြို့ကို ပြည်တွင်းပြည်ပ စက်မှုလုပ်ငန်းရှင်တွေ စိတ်ဝင်စားတဲ့အပြင် ကျွန်မတို့ဟာ တကယ့်စက်မှုလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် ရေခံမြေခံကောင်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၉၂ ခုနှစ်မှာ ကျွန်မတို့က ခေတ်တစ်ရာစက်မှုဇုန်ဆိုပြီးတော့ စက်မှုဇုန်တစ်ခုကို တည်ထောင်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီမှာ ရာနှုန်းပြည့်နီးပါး စက်မှုလုပ်ငန်းတွေကို လုပ်ဆောင်လျက်ရှိတာကို တွေ့နိုင်ပါတယ်။ အဲဒီလိုမျိုး ရေခံမြေခံကောင်းတဲ့မြို့ဖြစ်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်မှာ ကျွန်မတို့ နောက်ထပ်စက်မှုဇုန်(၂)ဆိုပြီးတော့ နဝဒေးစက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အချိန်မှာ ကျွန်မတို့ ဘာကိုလေ့လာတွေ့ရှိရသလဲဆိုရင် နဝဒေးစက်မှုဇုန်မှာ မြေကွက်ပေါင်း ၃၂၄ ကွက် ပေ ၁၀၀ ပတ်လည်ပါ။ အဲဒါ ကျွန်မတို့ စက်မှုလုပ်ငန်းလုပ်ဖို့အတွက် ရှိပါတယ်။

သို့သော်လည်းပဲ အဲဒီမြေကွက်တွေအားလုံးထဲမှာ ၉၇ ကွက်သာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နိုင်ပါတယ်။ အကွက် ၃၀ ကျော်လောက်ကတော့ ခြံစည်းရိုးခတ် တာလောက် ဂိုဒေါင်ဆောက်တာလောက်ပဲရှိပြီးတော့ မရောင်းချရသေးတဲ့၊ ချထားပေးခြင်းမရှိတဲ့ အကွက်ကိုးကွက်ရှိပါတယ်။ ဒါကိုလေ့လာကြည့်ခြင်းအားဖြင့် ကျွန်မတို့ နဝဒေးစက်မှုဇုန်အတွင်းမှာ စက်မှုလုပ်ငန်းကို အကောင်အထည်ဖော်လုပ်ကိုင်ခြင်းမရှိတဲ့ မြေကွက်ပေါင်း ၁၈၇ ကွက်ရှိတာကို ကျွန်မ စက်မှုကြီးကြပ်တဲ့အဖွဲ့ကနေပြီးတော့မှ မေးမြန်းသိရှိရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်ကနေ စတင်ပြီး ချထားပေးတဲ့အချိန်မှာ ၂၀၀၃ ခုနှစ်ပေါ့။ အဲဒီအချိန်မှာ ချထားပေးတဲ့ ဈေးနှုန်းဟာ သိန်း ၄၀ အကွက်၊ သိန်း ၅၀ အကွက်၊ အများဆုံး သိန်း ၇၀ ပဲရှိပါတယ်။ သို့သော်လည်းပဲ ယခု ၁၀ နှစ်ကျော် ကာလကြာလာပြီးတဲ့အချိန်မှာ ကျွန်မတို့ရဲ့မြို့မှာ ဒီစက်မှုဇုန်ရဲ့ ပေ ၁၀၀ ပတ်လည်အကွက်တွေ ပေါက်ဈေးတွေသည် သိန်း ၅၀၀ နဲ့ ၁၀၀၀ ကြားမှာ ရှိနေပါတယ်။ ဒါကိုကြည့်မယ်ဆိုလို့ရှိရင် ဒီမြေကွက်တွေကို ရယူထားတဲ့သူတွေဟာ နိုင်ငံတော်အကျိုးစီးပွားအတွက် စက်မှုဇုန်တည်ထောင်ရခြင်းရဲ့ရည်ရွယ်ချယ်တွေကို လျစ်လျူရှုပြီးတော့ မြေကွက်တွေကိုများ ဈေးကစားဖို့ ယူထားသလားဆိုတာကို ကျွန်မတို့စဉ်းစားစရာအချက်အနေနဲ့ စဉ်းစားဖို့သင့်တဲ့အချိန် ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ပြီး ကျွန်မတို့ပြည်မြို့နယ်မှာ ကြည့်မယ်ဆိုလို့ရှိရင် မြေကွက်များရှားပါးနေပါပြီ။ ကျူးကျော်တွေပြဿနာတက်နေတဲ့ မြေကွက်တွေကလွဲလို့ နောက်ထပ်များ စက်မှုလုပ်ငန်းအကောင်အထည်ဖော်ဖို့ဆိုရင် ထပ်မံချထားပေးစရာ မြေကွက်နေရာလည်းမရှိတော့တာကို တွေ့ရှိရပါတယ်။ ဒီလိုသူတို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိတဲ့အတွက် ကျွန်မတို့ ဘာတွေနစ်နာသွားသလဲ။ ကျွန်မတို့ ပြည်တွင်းထုတ်ကုန်တွေ တိုးတက်လာခြင်းမရှိတော့ပါဘူး။ နောက်ပြီးတော့ စက်မှုဇုန်ထူထောင်ရခြင်းရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ကျွန်မတို့နိုင်ငံသားတွေ အလုပ်အကိုင်အခွင့်အလမ်းရဖို့တွေလည်း မရရှိပါဘူး။ နိုင်ငံခြားကို ဆက်လက်သွားရောက်ပြီးတော့ လုပ်ကိုင်နေရဆဲဖြစ်ပါတယ်။ စက်မှုလုပ်ငန်းကရရှိမယ့် နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာတွေလည်း ဆုံးရှုံးတာကို တွေ့ရှိရပါတယ်။ ဒ့ါအပြင် မြို့ပြင်ကိုမထွက်ဘဲ မြို့တွင်းမှာပဲ စက်မှုလုပ်ငန်းတွေရှိနေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်တဲ့ စက်မှုလုပ်ငန်းရဲ့ဆိုးကျိုးတွေကိုလည်း ဆက်လက်ခံစားနေရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ ဦးခင်မောင်ချို)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်လှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်ရှိ နဝဒေးစက်မှုဇုန်တွင် မြေကွက်များရယူထားပြီး စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းမရှိသော မြေကွက်များကို အစိုးရအဖွဲ့မှ မြေကွက်များချထားပေးစဉ်က ပါရှိသည့်သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြန်လည်သိမ်းယူ၍ အမှန်တကယ် စက်ရုံ၊ အလုပ်ရုံများအဖြစ် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သူများအား ပြန်လည်ချထားပေးပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ နဝဒေးစက်မှုဇုန်ကို ၂၀၀၃ ခုနှစ်တွင် ပြည်မြို့နယ်၊ အနောက်ရွာသစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၀၄ အေ) အင်းကြင်းမြောင်ကွင်းနှင့် ကွင်းအမှတ်(၄၀၄ ဘီ) စောဦးတပ်ကွင်းဧရိယာ ၁၂၀.၉၂ ဧကအား ပေ ၁၀၀ ပတ်လည်ရှိသည့် မြေကွက်ပေါင်း ၃၀၃ ကွက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်တွင် အဆိုပါစက်မှုဇုန်၏လုပ်ငန်းတာဝန်အား ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)မှ ပြည်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တွင် ပေ ၁၀၀ ပတ်လည် မြေကွက် ၂၁ ကွက် ထပ်မံဖော်ထုတ်ခဲ့သဖြင့် မြေကွက်စုစုပေါင်း ၃၂၄ ကွက်ဖော်ထုတ်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမြေကွက် ၃၂၄ ကွက်အနက် စက်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသော မြေကွက် ၉၄ ကွက်၊ မြေကွက်အား ခြံစည်းရိုးသာခတ်ထားပြီး စက်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသော မြေကွက် ၁၅ ကွက်၊ နေအိမ်အဆောက်အအုံဆောက်လုပ်အသုံးပြုထားသော မြေကွက် ၁၉ ကွက် မြေလုံးဝ အသုံးမပြုဘဲထားရှိတဲ့ မြေကွက် ၁၈၇ ကွက်နဲ့ ရောင်းချရန် မြေကွက်ကိုးကွက် ကျန်ရှိနေကြောင်း စုံစမ်းသိရှိရပါတယ်။

**မူကြမ်း**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေကွက်များချထားပေးသော မြေပေးမိန့်တွင် ချထားပေးသော မြေကွက်တွင် တိုးချဲ့ခြင်း၊ ခွဲထုတ်ခြင်း၊ ကျူးကျော်ခြင်းမပြုရန် သက်ဆိုင်ရာမှ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းချက်များကို တိကျစွာလိုက်နာရန်၊ မြေယာဥပဒေနှင့်အညီ မြေငှားစာချုပ်ရယူနေထိုင်ရန် တာဝန်ရှိအဖွဲ့အစည်းများ၏ သတ်မှတ်ထားသည့်အဆင့်အတန်းနှင့်အညီ စက်မှုလုပ်ငန်းလုပ်ဆောင်ရန်၊ အဆောက်အဦများ ဆောက်လုပ်ရန် လုံလောက်သာ လျှပ်စစ်ဓာတ်အားရရှိပြီးနောက် သုံးလအတွင်း ကျေနပ်ဖွယ်ရှိသော လုပ်ငန်းဆောင်ရွက်ရန် အစရှိသော စည်းကမ်းချက်များပါရှိပြီး အဆိုပါစည်းကမ်းချက်များမှ တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ပါက မြေတန်ဖိုးပေးသွင်းငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုဘဲ မြေကွက်ချထားခြင်းကို ပြန်လည်ရုပ်သိမ်းခံရမည်ဟု ဖော်ပြပါရှိခဲ့သော်လည်း ယင်းကာလရှိအစိုးရအဖွဲ့များမှ ညွှန်ကြားချက်ထုတ်ပြန် ဆောင်ရွက်ခဲ့ခြင်းမရှိခြင်း၊ ပြန်လည်သိမ်းယူခြင်းတို့မရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတစ်ခုလုံးတွင် စက်မှုဇုန်ပေါင်း ၂၈ ခုရှိရာမှ အခြားစက်မှုဇုန်များတွင်လည်း အများစုမှာ ယင်းကဲ့သို့ အောင်မြင်မှုများမရရှိကြောင်း စုံစမ်းသိရှိရပါတယ်။

သို့ဖြစ်ပါ၍ နဝဒေးစက်မှုဇုန်မြေကွက်များနှင့်စပ်လျဉ်းပြီး စက်မှုဇုန်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ရယူထားသူများအား နိုင်ငံပိုင်သတင်းစာမှ ခြောက်လအတွင်း စက်မှုလုပ်ငန်းသုံးစက်ရုံ၊ အလုပ်ရုံဆောက်လုပ်လည်ပတ်ခြင်းမရှိပါက မြေပေးမိန့်ပါစည်းကမ်းချက်များအတိုင်း မြေကွက်တန်ဖိုးပေးသွင်းထားသည်ကို ပြန်လည်ထုတ်ပေးခြင်းမပြုဘဲ မြေကွက်ချထားခြင်းအား ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာသွားမည်။ မူတစ်ခုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားသည့်အတိုင်း အမှန်တကယ် စက်ရုံ၊ အလုပ်ရုံများအဖြစ် ရင်းနှီးမြှုပ်နှံလိုသူများအား စိစစ်နေရာချထားနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကို တစ်ခုအသိပေးလိုပါတယ်။ ကျွန်တော်တို့ ဒီအချိန်ဟာ လွှတ်တော်ထဲမှာ လွှတ်တော်အစည်းအဝေးကျင်းပနေချိန်ဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးကျင်းပနေချိန်ဖြစ်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေရော ဒီအစည်းအဝေးကျင်းပချိန်မှာ အားလုံးဟာ ဂုဏ်သရေရှိလူကြီးလူကောင်းများဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တွေက

မိတ်ဆက်စကားပြောတဲ့အခါမှာ ဦး၊ ဒေါ်တပ်ပေးပါ။ ထို့အတူပဲ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေက ပြန်လည်ဆွေးနွေးပြောကြားတဲ့အခါမှာလည်း ဦး၊ ဒေါ်တပ်ပေးပါ။ ဒါက လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်သလို ဒီထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေရဲ့ ကျင့်ဝတ်သိက္ခာနဲ့လည်း သက်ဆိုင်ပါတယ်။ ဒါလေးကိုတော့ အသိပေးအပ်ပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မည်သူမဆို သင်ကြားတတ်မြောက်စေမည့် နည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထောက်အကူပြုစေရန်နှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအထောက်အကူပြုစေရန် အသက်အရွယ်အလိုက်၊ ပညာအရည်အချင်းအလိုက် မည်သူမဆိုသင်ကြားတတ်မြောက်စေမည့် နည်းပညာသင်တန်းကျောင်းများဖွင့်လှစ်ပေးပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေး မည်ဆိုသည်ကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်းပိုင်း)မြို့နယ်ဟာ လူဦးရေအားဖြင့် ၃၇၃၇၃၈ ဦးရှိပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ဒုတိယလူဦးရေအများဆုံးဖြစ်ပါတယ်။ (၁၈) နှစ်ကနေပြီးတော့ (၅၉)နှစ်အထိ ၂၁၆၈၉၇ ဦးရှိပြီးတော့ အလုပ်လုပ်နိုင်စွမ်းနှင့် နည်းပညာတတ်ကျွမ်းလိုသူ၊ သင်တန်းတက်လိုသူ ၁၉၁၉၅၄ ဦးရှိပါတယ်။ ထို့ပြင် မြို့နယ်အတွင်းနေထိုင်ကြတဲ့ပြည်သူများအား ယခင် ရှေးဘိုးဘွားလက်ထက်က လယ်ယာလုပ်ငန်းကိုကျွမ်းကျင်ခဲ့သော်လည်း ဒီကနေ့ လယ်ယာမြေသိမ်းဆည်းခံရမှုကြောင့် အလုပ်လက်မဲ့ဖြစ်ပြီး ကြုံရာကျပန်းလုပ်စားနေရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များမှ အလုပ်အကိုင်၊ အိမ်ရာအတည်တကျရှိတဲ့သူတွေကို ပြောင်းရွှေ့ပြီး နေထိုင်စေခြင်းအားဖြင့် မူလအလုပ်အကိုင်တွေ လက်လွတ်ဆုံးရှုံးခဲ့ရတဲ့အတွက် စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းအများစုလိုအပ်နေတဲ့မြို့လည်း ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတော်ရဲ့ စီးပွားရေးကြပ်တည်းမှုကြောင့်လည်းကောင်း၊ မိသားစုစားဝတ်နေရေး အတွက် ကျောင်းထွက်ခဲ့ရခြင်း၊ ပညာရေးနည်းစနစ်အမျိုးမျိုးပြောင်းလဲမှုကြောင့် အလယ်တန်း၊ အထက်တန်းအဆင့်ဖြင့် ကျောင်းထွက်ခဲ့ကြရတဲ့ လူငယ်တွေဟာလည်း ဆက်လက်ပညာသင်ကြားနိုင်ဖို့ အခွင့်အလမ်းတွေ ဆုံးရှုံးနေရပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ ၂၀၁၅-၂၀၁၆ စာရင်းအရ စက်မှုဇုန်အမှတ်(၁)မှာ စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၄၁ ခု၊ စက်မှုဇုန်(၂)မှာ ၆၆၀ ခု၊ စက်မှုဇုန်(၃)မှာ ၄၁၁ ခု၊ စက်မှုဇုန်ပြင်ပမှာ စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၁၁ ခု၊ ဒဂုံ(အရှေ့ပိုင်း)စက်မှုဇုန်မှာ ၄၄ ခု စုစုပေါင်း စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၃၆၈ ခုရှိပါတယ်။ ထို့အပြင် သန်လျင် သီလဝါအထူးစက်မှုဇုန် လည်း တည်ဆောက်လျက်ရှိနေသဖြင့် ကျွမ်းကျင်သောဝန်ထမ်းများလည်း များစွာလိုအပ်လာမှာဖြစ်ပါ တယ်။ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများလိုအပ်နေသော စက်မှုဇုန်များ အတွက်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်နေသော မြို့နေပြည်သူများအတွက်လည်း ကောင်း၊ ပညာဆက်လက်သင်ကြားလိုသော လူငယ်များအတွက်လည်းကောင်း နည်းပညာသင်တန်း ကျောင်းများမှ သင်ကြားတတ်မြောက်စေခြင်းဖြင့် ကျွမ်းကျင်ဝန်ထမ်းများ၊ နည်းပညာတတ်ကျွမ်းသည့် လူငယ်များအဖြစ် ပြောင်းလဲပေးနိုင်မည်ဖြစ်သည့်အပြင် စက်မှုလက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်ပေး လိုက်မည်ဆိုလျှင် နိုင်ငံတော်အတွက် အထူးအကျိုးရှိမှာဖြစ်ပါတယ်။ ထို့အတွက်ကြောင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထောက်အကူပြုစေရန်နှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအထောက်အကူပြုစေရန် အသက်အရွယ်အလိုက်၊ ပညာအရည်အချင်းအလိုက် မည်သူမဆို သင်ကြားတတ်မြောက်စေမည့် နည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ဆိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။

**မူကြမ်း**

ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထောက်အကူပြုစေရန်နှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ် ရရှိနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး အထောက်အကူပြုစေရန်နှင့် အသက်အရွယ်အလိုက်၊ ပညာအရည်အချင်းအလိုက် မည်သူမဆို သင်ကြားတတ်မြောက်စေမည့် နည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပါရန်နှင့် ဖွင့်လှစ်ပေးမည် ဆိုပါက မည်သည့်အချိန်တွင်၊ မည်သည့်ကာလတွင် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါ တယ်။ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ အမှတ်(၁) စက်မှု သင်တန်းကျောင်း(ဆင်တဲ)၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အမှတ်(၃) စက်မှုသင်တန်း ကျောင်း(သာဂရ)၊ အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)နှင့် အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ) စသည့် စက်မှုသင်တန်းကျောင်းခြောက် ကျောင်းကို တည်ထောင်ဖွင့်လှစ်ထားရှိခဲ့ပြီး တစ်နှစ်သင်တန်းကာလဖြစ် ဖွင့်လှစ်လျက်ရှိပါတယ်။ ထိုသို့ဖွင့်လှစ်ထားရှိတဲ့ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)အား ဂျာမနီနိုင်ငံ၏နည်းပညာ အထောက်အပံ့ဖြင့် ၁၉၇၉ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)အား တရုတ် ပြည်သူ့သမ္မတနိုင်ငံ နည်းပညာအထောက်အပံ့ဖြင့် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၃) စက်မှု သင်တန်းကျောင်း(သာဂရ)အား ကိုရီးယားသမ္မတနိုင်ငံ၏ နည်းပညာအထောက်အပံ့ဖြင့် ၂၀၀၉ ခုနှစ် တွင်လည်းကောင်း၊ အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)အား အိန္ဒိယနိုင်ငံ၏နည်းပညာ အထောက်အပံ့ဖြင့် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)အား ကိုရီးယားသမ္မတနိုင်ငံ၏နည်းပညာဖြင့် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၆) စက်မှုသင်တန်း ကျောင်း(မြင်းခြံ)အား အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ပေးခဲ့ ပြီး နှစ်စဉ်ကျွမ်းကျင်လုပ်သား ၁၀၀၀ ကျော်မွေးထုတ်ပေးလျက်ရှိပါတယ်။

စက်မှုသင်တန်းကျောင်းများတွင် Machinery Fitter ၊ Machine Tool Operator ၊ CNC Machine Tool Operator ၊ CAD/CAM ၊ Automotive Mechanic ၊ Welding ၊ Electrical Fitter/Industrial Electrician ၊ Electrical Machine Maker ၊ Electronic ၊ Foundry Worker ၊

Tool and Die Maker ၊ Heat Treatment Worker ၊ Pattern Maker နှင့် Mechanical Draughtsman စတဲ့ ဘာသာရပ်များကို စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိပြီး ယခုအချိန်အထိ သင်တန်းဆင်းဦးရေ ၇၇၅၆ ဦးအား လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သင်တန်းဆင်းများအနက် စက်မှုဝန်ကြီးဌာနတွင် ၂၈၀၄ ဦး၊ အခြားဝန်ကြီးဌာနများတွင် ၆၄၈ ဦး၊ ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံနှင့် ပြည်ပနိုင်ငံများတွင် ၃၄၀၉ ဦးတို့ အလုပ်လုပ်ကိုင်လျက်ရှိကြပါတယ်။ စက်မှုသင်တန်းကျောင်းများဖွင့်လှစ်လျက်ရှိတဲ့ တစ်နှစ်သင်တန်းများသို့ အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်းရှိ တက္ကသိုလ်ဝန်ထမ်းသင်ယူသူ၊ ဖြေဆိုဖူးသူ၊ စက်မှုဝါသနာပါသူ မြန်မာနိုင်ငံသား ကျား/မ မရွေး တက်ရောက်နိုင်ခွင့်ရှိပါတယ်။ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)နှင့် အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့မှာ ပုံမှန်တစ်နှစ်သင်တန်းများအပြင် သံဂဟေဆက်ခြင်း၊ ဓာတ်ငွေ့ဂဟေဆက်ခြင်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်ငယ်များပြုပြင်ခြင်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း စတဲ့ ဘာသာရပ်လေးမျိုးကို ကာလတိုသုံးလသင်တန်း (Competency-Based Modular Short Course) အဖြစ် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank- ADB) ရဲ့ အကူအညီဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစ၍ နှစ်ကြိမ်တိုင်တိုင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ဒေသလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် မတ်လအတွင်း ကာလတိုသုံးလသင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး ရခိုင်လူငယ် ၂၀၇ ဦးကို သင်ကြားပေးခဲ့ပြီး ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရေးအတွက် ကုန်ထုတ်စွမ်းအားမြှင့်တင်စေရေးကိုရည်ရွယ်ပြီး စက်မှုသင်တန်းကျောင်းများ၌ Mobile Vocational Training Unit များ စုဖွဲ့ထားရှိပြီး အိမ်သုံးလျှပ်စစ်သွယ်တန်းခြင်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်များ၊ အခြေခံသံဂဟေဆက်ဘာသာရပ်၊ အသေးစားအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ စက်ရုံလျှပ်စစ်သွယ်တန်းခြင်းဘာသာရပ် လျှပ်စစ်မော်တာနှင့် ဂျင်နရေတာပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်များကို လက်တွေ့ ၈၀ ရာခိုင်နှုန်း၊ စာတွေ့ ၂၀ ရာခိုင်နှုန်းဖြင့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) အဖြစ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် စက်မှုဇုန်များ၌ ဖွင့်လှစ်ပေးရန် ညှိနှိုင်းလာပါက ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပါတယ်။ စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းများကို အခြေခံပညာ

အလယ်တန်းအဆင့် သင်ယူဖူးသည့် အရွယ်ရောက်ပြီးသူ ကျား/မ မရွေးတက်ရောက်နိုင်ပါတယ်။ အချို့ဒေသများ၌ လိုအပ်ချက်အပေါ်မူတည်ပြီး ပညာအရည်အချင်းလျှော့ပေါ့၍ တက်ရောက်စေပါတယ်။ ရွေးလျားသင်တန်းများကို မကွေးတိုင်းဒေသကြီး၌ ခုနစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီး၌ နှစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်တို့၌ သုံးကြိမ်စီ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၌ လေးကြိမ်စီဖြင့် စုစုပေါင်းရွေ့လျားသင်တန်း အကြိမ် ၃၀ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသား ၁၇၆၉ ဦး၊ သင်တန်းသူ ၈၆ ဦး စုစုပေါင်း ၁၈၅၅ ဦးအား သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ခဲ့သော ရွေ့လျားသင်တန်းလေးကြိမ်မှာ ရွှေပြည်သာစက်မှုဇုန်၌ သင်တန်းသား ၅၀ ဦးဖြင့်လည်းကောင်း၊ လှိုင်သာယာစက်မှုဇုန်၌ သင်တန်းသား ၁၂၅ ဦးဖြင့်လည်းကောင်း၊ ရွှေလင်ပန်းစက်မှုဇုန်၌ သင်တန်းသား ၅၁ ဦးဖြင့်လည်းကောင်း၊ ဒဂုံ(အရှေ့ပိုင်း) စက်မှုဇုန်၌ သင်တန်းသား ၁၂၃ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၃၅)၌ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း၊ ဘွိုင်လာကိုင်တွယ်သူများသင်တန်း၊ ဌာနအတွင်း လျှပ်စစ်စစ်ဆေးရေးသင်တန်း၊ ကျွမ်းကျင်မှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ အခြေခံလျှပ်စစ်သင်တန်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကိုလည်း ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌လည်း ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့်လည်း အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အထောက်အကူပြုစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်ထားရှိပြီး အခြေခံဂဟေဆက်သင်တန်း၊ အခြေခံပိုက်ဆက်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အခြေခံတွင်ခုံသင်တန်း၊ TIG ဓာတ်ငွေ့ဂဟေဆက်သင်တန်း၊ ကြီးကြပ်ရေးသင်တန်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရေးသင်တန်း၊ နည်းပြလေ့ကျင့်ရေးသင်တန်း၊ ညွှန်ကြားရေးပြသမှုနည်းစနစ်သင်တန်း၊ စစ်ဆေးမှုသင်တန်း၊ ကျွမ်းကျင်မှုစံသင်ရိုးညွှန်းတမ်းရေးဆွဲခြင်းသင်တန်းနှင့် မလေးရှားနှင့် ကိုရီးယားနိုင်ငံများဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။

**မူကြမ်း**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး/ ပြည်နယ်များ၌ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အထက်တန်းကျောင်း များနှင့် ပုံမှန် AGTI Diploma သင်တန်းများ၊ GTHS သင်တန်းများနှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကာလတိုနည်းပညာနှင့် သက်မွေးပညာဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေး လျက်ရှိနေပါတယ်။ ဒဂုံသင်တန်းကျောင်းအသစ်တစ်ခုဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာနှင့်အဆောက်အဦ၊ ရေ၊ မီး စသည့် Infrastructure များလိုအပ်ခြင်း၊ သင်ကြားပေးမည့် ဆရာ ဆရာမများ နှင့် အုပ်ချုပ်မှုစီမံခန့်ခွဲမှုကိစ္စများ ဆောင်ရွက်ရမည့်ဝန်ထမ်းများ လိုအပ်ခြင်း၊ သင်ထောက်ကူပစ္စည်း များလိုအပ်ခြင်း၊ ထို့အပြင် နှစ်စဉ် ဘတ်ဂျက်လျာထားရန် လိုအပ်ခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသ ကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် နည်းပညာသင်တန်းကျောင်းအသစ်များ ဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် လောလောဆယ်တွင် အခြားရွေ့လျားစက်မှုနှင့် သက်မွေးပညာ (Vocational Training)များ ရရှိလိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ HRD Human Resources Development လူ့စွမ်းအားအရင်းအမြစ်သင်တန်းများအပြင် Skill Development သင်တန်းများကိုလည်း ဆက်လက် ပြီးတော့ သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများမှ ရရှိလာမည့် အကူအညီများနှင့် ဆက်လက် ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ တစ်ချိန်က ဒီနည်းပညာသင်ကြားရာမှာ ကျွန်တော်တို့လူငယ်တွေ ဘယ်လောက် အခက်အခဲရှိတယ်ဆိုတာကို ဝန်ကြီးကိုလည်း တင်ပြလိုပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ထင်ရှား ကျော်ကြားတဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ဟာ လှိုင်သာယာကိုပို့ခြင်းအားဖြင့် အချိန်များစွာကုန်ကျပြီး တော့ အချို့ကျောင်းသူဟာ မြွေကိုက်ပြီးတော့ အသက်ဆုံးရှုံးခဲ့တယ်ဆိုတာလည်း အားလုံးအသိပဲ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ဆက်စပ်တာပဲ မေးပါ။ ဆက်စပ်မေးခွန်းက ဝန်ကြီးဖြေတဲ့အပေါ်မှာ နဲ့၊ ကိုယ်မေးတဲ့အပေါ်မှာ ကွဲပြားခြားနားမှုကိုပဲ ဆက်စပ်မေးပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ အဲဒီတော့ နည်းပညာသင်ကြားရေးမှာ အလွယ်တကူသင်ကြားနိုင်ရန်အတွက် အမှန်တကယ်လိုအပ်တဲ့ဒေသတွေမှာ လွယ်ကူစွာသင်ကြား

တတ်မြောက်စေခြင်းဖြင့် နံပါတ်(၁) ပြည်သူများနှင့် လူငယ်များ နည်းပညာတတ်ကျွမ်းစေခြင်း၊ (၂) နည်းပညာတတ်ကျွမ်းမှုအရ အလုပ်အကိုင်အခွင့်အလမ်းများရစေခြင်း၊ နံပါတ်(၃) စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်စေခြင်းတို့ကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်တဲ့အတွက် ဝန်ကြီးအနေနဲ့ ကျွန်တော်တို့ ဒေသကို ကွင်းဆင်းစစ်ဆေးပြီးတော့ နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ ထပ်မံ ပြီးတော့ စဉ်းစားပေးပါလို့ ထပ်မံမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ် ခင်ဗျ။ ကျွန်တော် ရှင်းလင်းပေးပါ့မယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာစက်မှုဇုန် အသီးသီးမှာ အထူးသဖြင့် လှိုင်သာယာစက်မှုဇုန်မှာ မကြာသေးမီကမှ သူတို့ဆီမှာလည်း စက်မှု သင်တန်းကျောင်းတွေ တည်ဆောက်ထားခြင်းမရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့မှာ Mobile Vocational Training Center အဖြစ် Mobile ကားကြီးဖြင့် သက်ဆိုင်ရာသင်ထောက်ကူပစ္စည်း များ သယ်ဆောင်ပြီးတော့ စက်မှုဇုန်အရောက် သင်ကြားပို့ချပေးလျက်ရှိနေပါတယ်။ ဒီလို Mobile Vocational Training Center နှင့် သင်ကြားပို့ချနိုင်တဲ့ ဘာသာရပ်တွေကလည်း လက်တွေ့မှာ အမှန်တကယ်အသုံးကျတဲ့ လျှပ်စစ်ဆိုင်ရာသင်တန်း၊ အိမ်တွင်းမှုလျှပ်စစ်လုံခြုံစိတ်ချမှုသင်တန်း၊ Welding သင်တန်း၊ စက်ပြင်သင်တန်း စတဲ့သင်တန်းအသီးသီးကို သင်ကြားပို့ချပေးတာဖြစ်တဲ့ အတွက် လှိုင်သာယာစက်မှုဇုန် ဥပမာအရကြည့်ရရင် လွန်စွာပြည့်စုံလုံလောက်တဲ့အတွက် ကျွန်တော်တို့ သတ်မှတ်ထားသော အကြိမ်နှစ်ကြိမ်သင်တန်းအပြင် နောက်ထပ်နှစ်ကြိမ် ထပ်ပိုး၍ ကျွန်တော်တို့အားလုံးပေါင်း လေးကြိမ်အထိ သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော် တို့ အခု လိုအပ်နေသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာလည်း လိုအပ်တဲ့သင်ကြားမှုများကို လိုအပ် လာရင် Mobile Vocational Training Center ကျောင်းမလိုအပ်တဲ့အတွက် အဆောက်အဦတစ်ခု အနီးနားမှာ ရပ်တန့်ပြီးတော့ သက်ဆိုင်ရာသင်တန်းတွေကို အချိန်တိုအတွင်း အချိန်မြန်ဆန်သင်ကြား ပေးနိုင်ရန်ဖြစ်ပါတယ်။ ထို့ကြောင့် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းထားသော လူ့စွမ်းအားအရင်း အမြစ်တွေ၊ နောက်ပြီး Skill Development တွေ ဒါတွေ တိုးတက်ဖို့အတွက်ကို သက်ဆိုင်ရာ အခုနက တင်ပြပါ Mobile Vocational Training Center မှတစ်ဆင့် ကျွန်တော်တို့ ချက်ချင်းလတ်တလော အတွင်း အမြန်ဆုံးထိရောက်အောင် သင်ကြားပို့ချပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၁း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**